# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၇၀)


## သီရိလင်္ကာဝန်ကြီးချုပ်နှင့်ဇနီး ချစ်ကြည်ရေးခရီး လာရောက်မည်

ရန်ကုန် ဒီဇင်ဘာ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီနှင့်ဇနီး မဒမ်ရှီရန်သီရာဂျာပက်(ခ်)စီတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ် ရန်ကုန်မြို့ ကန်တော်ကြီးဝန်းကျင် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုလေ့လာ

ရန်ကုန် ဒီဇင်ဘာ ၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ကန်တော်ကြီး ဝန်းကျင် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုလေ့လာသည်။**

**တာဝန်ရှိသူများကြိုဆို**

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်နှင့် အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာဗီဘိုဒီဆိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက်သို့ ရောက်ရှိလာကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်း၊ ရန်ကုန်မြို့ ကန်တော်ကြီးဝန်းကျင် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

***စာမျက်နှာ ၇ ကော်လံ ၁*** ●

ရန်ကုန်မြို့ ကန်တော်ကြီးဝန်းကျင် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများအနက် ရှုခင်းတစ်စိတ်တစ်ဒေသကို ရှုမငြီးဖွယ် ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)





ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ ကန်တော်ကြီးဝန်းကျင် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

**မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း**

❒ "အတိတ်ကဖြစ်ရပ်များကို သင်ခန်းစာယူ၍ မျက်မှောက်ကာလ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒီများ၏ မျက်နှာစာအမျိုးမျိုးမှ ဝင်ရောက်စွက်ဖက် ခြယ်လှယ်မှုများကို သတိပြုကာကွယ်တွန်းလှန်"

ခေါင်းကြီး (စာ-၂)

❒ "ဇေယျတုသဗ္ဗမင်္ဂလံ" အောင်မြင်ခြင်းအဖြာဖြာ တို့သည် ဤညီလာခံကြီးသို့ ကြွရောက်လာကြကုန်သော ပြည်တွင်းပြည်ပ နှစ်ဌာနတို့မှ ဗုဒ္ဓဘာသာ ခေါင်းဆောင်များ၊ နိုင်ငံခေါင်းဆောင်များအပေါ်၌ ထာဝရတည်ပါစေသောဝ် တည်စေသောဝ်။

မြင့်ထွန်းဦး၏ ဆောင်းပါး (စာ-၁၀)

**နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

# စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းပေါ်ပေါက်ရေး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ကြိုးပမ်းတည်ဆောက်

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးဖြစ်သည်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ မှန်ကန်သော မူဝါဒလမ်းစဉ်များဖြင့် လျှောက်လှမ်းမှု၊ တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်သော စွမ်းအားဖြင့် ပါဝင်ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်တွင် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်း၊ ရလဒ်ကောင်းများ ဖြစ်ထွန်းရရှိနေပြီ ဖြစ်သည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်မှန်းထားသည့် အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိစေရန် အတွက် နိုင်ငံတော်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ချမှတ်၍ ကဏ္ဍစုံတွင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း နိုင်ငံတော် အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုကိုယုံကြည်ကိုးစားပြီး ကျရာကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ကြိုးပမ်း လျက်ရှိသဖြင့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုး တိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ယင်းကဲ့သို့မှန်ကန်သော လမ်းကြောင်းပေါ်သို့ ရောက်ရှိနေချိန်တွင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်ပြီး တစ်ဆင့်ချင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် အမျိုးသား ညီလာခံကြီးကို အောင်မြင်စွာ ကျင်းပလျက်ရှိသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့၏ လွှမ်းမိုးခြယ်လှယ်မှုများကို အမျိုးသားရေးအသိနှင့်ယှဉ်၍ သတိပြုကာကွယ်ကြရမည်ဖြစ်သည်။

မျက်မှောက်ခေတ်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက် လျက်ရှိရာ ကိုလိုနီနယ်ချဲ့လက်သစ်တို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု မျက်နှာစာများမှ စိမ့်ဝင်ထိုးဖောက်ရုံမျှသာမက သတင်းနှင့်ပြန်ကြားရေးမီဒီယာများအသုံးပြု၍ လွှမ်းမိုးခြယ်လှယ်မှုများ လုပ်ဆောင်လာလျက်ရှိသည်။

မြန်မာ့သမိုင်းစဉ်တွင် စည်းလုံးညီညွတ်မှုလျော့နည်းချိန်၌ ပြည်ပမှဝင်ရောက်စွက်ဖက်ပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့် အခြေအနေကြုံခဲ့ရသော်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ထက်မြက်မြင့်မားသော နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံလျက် တွန်းလှန်ကာကွယ်ခဲ့သောကြောင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုး ဘဝကို ပြန်လည်ရယူတည်ဆောက်နိုင်ခဲ့သည်။

အဆိုပါသမိုင်းကြောင်းဖြစ်စဉ်အား မမေ့မပျောက်ဘဲ အတိတ်ကဖြစ်ရပ်များကို သင်ခန်းစာယူ၍ မျက်မှောက်ကာလ ကိုလိုနီနယ်ချဲ့လက်သစ် ဝါဒီများ၏ မျက်နှာစာအမျိုးမျိုးမှ ဝင်ရောက်စွက်ဖက် ခြယ်လှယ်မှုများကို သတိပြုကာကွယ်တွန်းလှန်ကြရန်ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူအပေါင်းက ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ အန္တရာယ်ကိုသိမြင်ပြီး နိုင်ငံချစ် စိတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များအရင်းခံလျက် ဝိုင်းဝန်းလက်တွဲတည်ဆောက် ကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မင်္ဂလာဒုံမြို့နယ် ဓမ္မသိဒ္ဓိကလိုင်ထော်စေတီတော် ဆွမ်းဆန်တော်လောင်းလှူပွဲနှင့် ဓမ္မာရုံတည်ဆောက်ရေးငွေလှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင်မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ဓမ္မသိဒ္ဓိကလိုင်ထော် စေတီတော်မြတ်၏ဂေါပကအဖွဲ့က ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဓမ္မာရုံ တည်ဆောက်ရေးအလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ရီ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကိုတိုးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များတက် ရောက်ကြပြီး ကျပ်သိန်း ၁၀၀ အကုန် အကျခံတည်ဆောက်လှူဒါန်းမည့်ဓမ္မာရုံ သစ်ကြီးတည်ဆောက်ရန် အတွက် အလှူငွေများ ပေးအပ် လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီက အလှူငွေကျပ်၃၀၀၀၀၊ ဂေါပကအဖွဲ့က ငွေကျပ် ၆၀၀၀၀၊ မင်္ဂလာဒုံ ဈေးချိုစတိုးပိုင်ရှင်ဒေါ်စော



တင်က ကျပ် ၁၀၀၀၀၀ **(အပေါ်ပုံ)**၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် မြသိန်းဟန်(ငြိမ်း)မိသားစုက ကျပ်သုံးသိန်းနှင့် (ကြည်၊ ရေ၊ လေ) စစ်မှုထမ်း ဟောင်းများအဖွဲ့က ကျပ် ၁၀၀၀၀၀ ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကိုတိုးထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

## သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအတွက် ငွေလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး ကျင်းပမည့် ၁၃၆၆ခုနှစ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့်အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်-ဒေါ်ခင်ခင်လေးမိသားစုက ငွေကျပ် ၁၀၀၀၀၀၊ဦးဝင်းဆွေ(WYZ)သီဟသုဓမ္မသိင်္ဂီ ဒေါက်တာ ရီရီလှ(ယုဝတီခင်ဦး) မိသားစုက ငွေကျပ်၁၀၀၀၀၀၊ မင်္ဂလာ တောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးကျော်ညွန့် (ကျော်ညွန့်ရည်)-ဒေါ်ဝါဝါကျော်က ငွေကျပ် ၁၀၀၀၀၀၊ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဖြူစင်မေတ္တာ ဆေးတိုက်ပိုင်ရှင် သမားတော်ကြီး ဦးကျော်စိန်(မိုးကုတ်)- ဒေါ်နန်းခမ်းဆာမိသားစုက ငွေကျပ်၁၀၀၀၀၀၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန စံပြမှုကြိုက ငွေကျပ် ၂၀၀၀၀၊ ရန်ကုန်မြို့ အင်ပါယာဖလင်ခွဲလုပ်ငန်းမှ ငွေကျပ် ၂၀၀၀၀၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)-ဒေါ်ချိုချို မိသားစုက ငွေကျပ် ၁၅၀၀၀၊ ဆရာမကြီးဒေါ်ရင်ရင် (စောမုံညင်း)က ငွေကျပ် ၁၀၀၀၀၊ လသာမြို့နယ်စာနယ်ဇင်းက ငွေကျပ် ၁၀၀၀၀၊ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)ဒေါ်သိန်းနုက ငွေကျပ် ၁၀၀၀၀၊ ဦးခင်မောင်လေး-ဒေါ်ကြူကြူ (ဂန္ဓမာ) မိသားစုက ငွေကျပ်၁၀၀၀၀၊ ယောဂီစောလွင်၊ဇင်ယော်မာန်၊ မြတ်သူစံ မိသားစုက ငွေကျပ်၁၀၀၀၀၊ ဒဂုံမြို့နယ်နေ ဒေါက်တာမြမြမိသားစုက ငွေကျပ်၁၀၀၀၀၊သတင်းထောက် ခင်အောင်- ဒေါ်စန်းစန်းမြင့် (ကြီးပွားရေး) မိသားစုက ငွေကျပ်၁၀၀၀၀၊ ဦးတင်ဝင်း မိသားစုကငွေကျပ်၁၀၀၀၀၊ ဘုန်းမင်းသန့်၊ လှမောင်လတ်၊ ရန်ကုန်ဝင်းမောင်၊ ငြိမ်းလွင်ဦး၊ မင်းသန်းထွန်းတို့က ငွေကျပ်၁၀၀၀၀၊ ဒုရဲအုပ် ခင်မောင်ကျော်၊မောင်ရင်ထိုက်၊ ရေနံ့သာဝင်းမောင်နှင့် အဖွဲ့က ငွေကျပ် ၆၀၀၀၊ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က ငွေကျပ်၅၄၀၀၊ တရားရုံး ချုပ်တရားသူကြီးဒေါက်တာတင်အောင်အေး-ဒေါ်ခင်ဝင်း မိသားစုကငွေကျပ်၅၀၀၀၊ ဦးအေးချို(မဟာဝိဇ္ဇာ)က ငွေကျပ် ၅၀၀၀၊ ပညာတန်ဆောင် စာတည်း ဦးကျော်စိုး (မောင်ကျေးဇူး)မိသားစုက ငွေကျပ်၅၀၀၀၊ နီငြိမ်း(အညာ တက္ကသိုလ်)က ငွေကျပ် ၅၀၀၀၊ သမားတော်ကြီးဦးမြင့်သိန်း က ငွေကျပ်၇၀၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေး မျက်စဉ်းဆေး ရည် ပုလင်း၂၆၀၊ မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့က တန်ဖိုးငွေ ၆၀၀၀၀ တန်ဖိုးရှိ ဝေဒပြက္ခဒိန် ၁၃၀၊ ဦးပြည့်စုံ သွေးသောက်မဂ္ဂဇင်းတိုက်မှ တန်ဖိုးငွေ ကျပ် ၅၀၀၀၀ ဖိုးရှိ သွေးသောက်မဂ္ဂဇင်း ၁၃၅ အုပ်၊ တေးသံရှင် ဆုတင်နှင့် မိသားစုက ငွေကျပ် ၁၅၀၀၀၀ ဖိုးရှိ (၂၀)ရာစု ဇာတ်သဘင်တေးစာအုပ်များ၊ ရန်ကုန်မြို့ ပုဇွန်တောင် မြို့နယ်နေ ဖြူစင်မေတ္တာ ဆေးတိုက် ပိုင်ရှင် သမားတော်ကြီး ဦးကျော်စိန်(မိုးကုတ်)-ဒေါ်နန်းခမ်းဆာ မိသားစုက ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးများ၊ ကန်တော့ခံ သက်ကြီး စာပေပညာရှင် သီရိဘုန်းထွဋ်-ဒေါ်ခင်ခင်ဆွေနှင့် သားဇေယျာမင်းထွဋ်တို့က ငွေကျပ် ၉၀၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည် ပေးအပ်သည်။

အလှူငွေဖြစ်စေ၊အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ် ၅၂၉ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေ ဗိမာန်ဒုတိယထပ် ဖုန်း ၂၅၄၁၇၃၊ ၂၅၂၄၁၇ တို့သို့ ဆက် သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၈**

အောင်ဆန်းသူရိယလှသောင်းကျောင်း ၁၉၆၁ ခုနှစ်မှ ၁၉၇၂ခုနှစ် ဘော်ဒါ ကျောင်းသား ဟောင်းများ၏ (၁၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ၉ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီ တွင် အထက (၂)မင်္ဂလာဒုံ လှသောင်းခန်းမ၌ ကျင်းပမည် ဖြစ်ရာ ကျောင်းသားဟောင်းများသည် ဦးညွန့်ဝင်း ဖုန်း- ၂၂၅၃၆၅၊ဦးအောင်ငွေ ဖုန်း-၂၂၉၇၃၃၊ ဦးမောင်မောင် ဖုန်း- ၅၀၅၃၀၂၊ဦးခင်ညိုကျော်အောင် ဖုန်း-၀၉-၅၀ ၀၀၉၄၁၊ ၅၄၀၂၂၀၊ ဦးထင်အောင် ဖုန်း-၀၉-၅၀ ၀၇၆၃၊၂၄၄၆၆၄ နှင့် ဦးမင်းလွင် ဖုန်း-၅၀၅၃၀၂ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၉-၁၂-၂၀၀၄**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Nature of Induction (ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်း) (ပထမနှစ်)
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သပ္ပတ်အူပမာ"**(အပိုင်း-၉)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၂၅)

# လာအိုဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်အဖွဲ့ဝင်များ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ကြည်ညို

ရန်ကုန် ဒီဇင်ဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးတင်ဦး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်သာဗီဘိုဒီဆိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။



## ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ နံနက် ၁၀နာရီ၃၅မိနစ်တွင် ရောက်ရှိကြရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ် မြင့်စိုးနှင့်တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ၊ ကျောင်းသားကျောင်းသူလေးများကကြိုဆိုနှုတ်ဆက်ကြသည်။

## ဖူးမြော်ကြည်ညို

ယင်းနောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်သည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရင်ပြင်ရှိ အာရုံခံ တန်ဆောင်းမှ စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများဆက်ကပ်လှူဒါန်းပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။



ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်စဉ်။

(သတင်းစဉ်)

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်အား တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ပုံတော် ကျောက်စီဓာတ်ပုံကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် ဝန်ကြီးချုပ်သည် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

## ရွှေသင်္ကန်းကပ်လှူပူဇော်

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်သည် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်ကာ မှတ်တမ်းတင်စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်သည် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်အား လှည့်လည်ကြည်ညိုပြီး စေတီတော်ပတ်ဝန်းကျင်ရှိ ဘုရား၊ ပုထိုး၊ စေတီတော်များအားလည်း ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် စေတီတော်ရင်ပြင်၌ လာအို-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခေါင်းလောင်းထိုးကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီရင်ပြင်တော်ရှိ ရှုခင်းသာမှ သဘာဝပတ်ဝန်းကျင် ရှုခင်းများကို ကြည့်ရှုအပန်းဖြေကြကာ မှတ်တမ်းတင်စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဧည့်သည်တော် လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့် အဖွဲ့ဝင်များအား တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



## ကျိုက်ထီးရိုးစေတီတော် ဖူးမြော်ကြည်ညို

**ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်အဖွဲ့ဝင်များ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ကြည်ညိုကြစဉ်။**

(သတင်းစဉ်)

## အင်းစိန်အမက(၁၃) ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

အင်းစိန်မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၃)၏ ပညာပဒေသာကျောင်း စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က ပိန္နဲကုန်းရပ်ကွက်ရှိ အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်) ဒုတိယဦးစီးမှူး ဦးတင်မောင်လွင်က အမှာစကားပြောကြားပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးဘမောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာချိုတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(ခရိုင် ပြန်/ဆက်)**


**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ထိ နိုင်ငံအဝန်းတွင်**
**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၅၉၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန




**နိုဝင်ဘာ ၂၉ ရက်က လမ်းမတော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)ခန်းမတွင် နည်းလှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဦးစိန်တိုးနှင့် အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(ခရိုင် ပြန်/ဆက်)

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် စင်ကာပူဝန်ကြီးချုပ် ဖိလစ်ပိုင်သို့သွားရောက်မည်

မနီလာ ဒီဇင်ဘာ ၇

**စင်ကာပူဝန်ကြီးချုပ် လီရှန်းလွန်းသည် နှစ်ရက်ကြာခရီးစဉ်အဖြစ် မနီလာသို့ ကြာသပတေးနေ့တွင် သွားရောက်မည် ဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့်အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှုများလည်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။**

လီသည် အရှေ့တောင်အာရှနိုင်ငံ တစ်ဆက်တည်း သွားရောက်မည်များ (အာဆီယံ) မြို့တော်များသို့ ဖြစ်ကာ ဗီယက်နမ်မှလာရောက်မည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာဂါပါဂါလ်အာရိုယို၊ လွှတ်တော်ဥက္ကဋ္ဌဖရန့်ကလင်းဒရီလွန်၊ လွှတ်တော်အမတ် ဂျို့စ်ဒီဗီနီစီယာတို့နှင့် တွေ့ဆုံဆွေးနွေးမည် ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဌာနက တနင်္လာနေ့၌ ပြောကြားသည်။



**နိုဝင်ဘာ ၄ ရက်က ဂျပန်နိုင်ငံ ပိုင်အိုးနီးယားအီလက်ထရွန်းနစ်ကုမ္ပဏီမှ ထုတ်လုပ်လိုက်သော ပြောင်းစေ့အနှစ်ဒြပ်ပေါင်းဖြင့် ပြုလုပ်ထားသည့် ဒီဗွီဒီအချပ်ကို သုတေသီ တာဆူအို ဟိုဆိုးဒါးက ပြသနေစဉ်။**

(ဓာတ်ပုံ-အေအက်ဖ်ပီ)

**ဆွေးနွေးမည်**

နှစ်နိုင်ငံ ခေါင်းဆောင်များသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွား လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် လက်ရှိဒေသအခြေအနေများ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောခြောက်နှစ်က ဟန္တိုင်း အာဆီယံထိပ်သီး အစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်အရ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ အိုင်တီ၊ ခရီးသွားလုပ်ငန်း၊ ပြည်သူများအပြန်အလှန်လည်ပတ်ရေး၊ ကာကွယ်ရေးစသော ကဏ္ဍများပါဝင်သည့် ပူးပေါင်းဆောင်ရွက်ရေး လမ်းပြမြေပုံကို မြှင့်တင်ဆောင်ရွက်ကြမည်ဟု သိရသည်။ စင်ကာပူနိုင်ငံသည် လွန်ခဲ့သောနှစ်နှစ်က ဖိလစ်ပိုင်၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**




## တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်အောင်မြင်မှု တည်ငြိမ်စေရန် တိုးမြှင့်ထိန်းချုပ်ရန်လိုအပ်ဟု သမ္မတဟူကျင်တောင် ပြောကြား

ပေကျင်း ဒီဇင်ဘာ ၆

**လာမည့်နှစ်အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသေးစိတ်အစီအစဉ်၏အခြေခံအချက်များကို တရုတ်နိုင်ငံက ထုတ်ပြန်ခဲ့ကြောင်းသိရသည်။ စီးပွားရေးကဏ္ဍ ထိန်းချုပ်ရန် အစိုးရ၏ဆောင်ရွက်ချက်အဖြစ် မဟာမူဝါဒကို ဆက်လက်အလေးထား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရုတ်သမ္မတဟူကျင်တောင်က ပြောကြားခဲ့သည်။**

**ပြောကြား**

ပေကျင်းမြို့တွင် သုံးရက်ကြာ ကျင်းပခဲ့ပြီး ယမန်နေ့ကပြီးဆုံးခဲ့သော ဗဟိုစီးပွားရေးဆိုင်ရာ ညီလာခံပိတ်ပွဲတွင် ပြည်တွင်းပြည်ပအတွင်းဖြစ်ပေါ်နေသည့် စီးပွားရေးဆိုင်ရာ လတ်တလောအခြေအနေများနှင့်ပတ်သက်ပြီး တက်ရောက်လာကြသူများအား ဟူကျင်တောင်က မိန့်ခွန်းပြောကြားခဲ့သည်။

**တည်ငြိမ်**

လာမည့်နှစ်တွင် ယှဉ်ပြိုင်စိန်ခေါ်မှုများနှင့်အတူ အခွင့်အလမ်းများကိုလည်း ရရှိမည်ဖြစ်ခြင်းကြောင့် နိုင်ငံစီးပွားရေး တိုးတက်အောင်မြင်မှု လျင်မြန်ပြီး ဖွံ့ဖြိုးတိုးတက်မှုတည်ငြိမ်စေရန် စီးပွားရေးကဏ္ဍကို ထိန်းချုပ်မှုဆက်လက်တိုးမြှင့်ဆောင်ရွက်ဖို့ လိုအပ်ကြောင်း ၎င်းက အလေးထား ပြောကြားခဲ့သည်။

လာမည့်နှစ်အတွက် စီးပွားရေးဆိုင်ရာစီမံကိန်းတွင် စိုက်ပျိုးရေးဆိုင်ရာ ထွက်ကုန်များ တိုးတက်လာပြီး စီးပွားရေးကဏ္ဍညီမျှစေမည့် အဓိကမူဝါဒ နှစ်ခုကို ဆောင်ရွက်ရန်၊ အသေရင်းနှီးမြှုပ်နှံထားသော ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်လှုပ်ရှား ရင်းနှီးမြှုပ်နှံရန်၊စက်မှုလုပ်ငန်း ခေတ်မီတိုးတက်လာစေရေးကို စောင့်ကြည့်နေရန်၊ အရှေ့နှင့် အနောက်ဘက်ဒေသတို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုညီမျှစေရန် အတွက် ပိုမိုပူးပေါင်းဆောင်ရွက်ရန်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပြည့်မီရေးအတွက် ၁၁ခုမြောက် ငါးနှစ်စီမံကိန်းအတွက် စီစဉ်ဆောင်ရွက်မှုများ ရှေ့ဆက်ဆောင်ရွက်ရန်တို့ ပါဝင်ကြောင်း သိရသည်။ **(စီစီတီဗွီ)**

### ပြသထား



**တရုတ်နိုင်ငံ ပေကျင်းမြို့ စစ်သမိုင်းပြတိုက်၌ တရုတ်နိုင်ငံလုပ် ဒေါင်ဖန်း-၁ ဒုံးကျည်တစ်စင်း အဓိကပြခန်းအဖြစ် ပြသထားသည်ကို ဒီဇင်ဘာ ၆ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## စင်ကာပူစုံတွဲများလက်မထပ်မီ အိပ်ချ်အိုင်ဗွီစစ်ဆေးခံကြရမည်

စင်ကာပူ ဒီဇင်ဘာ ၆

**စင်ကာပူနိုင်ငံရှိ စုံတွဲများသည် လက်မထပ်မီ အိပ်ချ်အိုင်ဗွီ ရှိမရှိစမ်းသပ် မှုခံရမည် ဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးအားလုံး အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ကူးစက်ခြင်းကို တားဆီးကာကွယ်ရန် စမ်းသပ်မှုခံရမည်ဟု စင်ကာပူအစိုးရကပြောကြားခဲ့ပြီးနောက် စင်ကာပူမီဒီယာက အဆိုပါသတင်းကို တနင်္ဂနွေနေ့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။**

**စီစဉ်**

စင်ကာပူနိုင်ငံသည် လက်မထပ်မီ အိပ်ချ်အိုင်ဗွီ စမ်းသပ်မှုများဆိုင်ရာ တုံ့ပြန်ချက်ကို သုံးသပ်ရန် စီစဉ်ထားကြောင်း၊ ယခုနှစ်တွင် အိပ်ချ်အိုင်ဗွီ အသစ်ကူးစက်လာမှုကို တင်းကျပ်စွာ ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီး ခေါ်ဘွန်ဝမ်က ပြောကြားသည်။

**ဆောင်ရွက်**

စင်ကာပူနိုင်ငံသည် အမျိုးသမီးများ အိပ်ချ်အိုင်ဗွီ ကူးစက်ခံရမှုများ မရှိအောင် တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဝန်ကြီးက ပြောကြားသည်။

**အသစ်ကူးစက်**

စင်ကာပူနိုင်ငံသည် ၂၀၀၄ခုနှစ် ပထမ ၁၀လတွင် အိပ်ချ်အိုင်ဗွီအသစ်ကူးစက်သူ ၂၅၇ဦး ရှိကြောင်းနှင့် ၂၀၀၃ခုနှစ်က ၂၄၂ဦးရှိကြောင်း သိရသည်။

**ကူးစက်ခံရဖွယ်**

စင်ကာပူနိုင်ငံရှိ ၄ဒသမ၂သန်းရှိ ပြည်သူများသည် လက်ရှိအနေအထားအတိုင်း အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်ခံရပါက ၂၀၁၀ပြည့်နှစ် အရောက်တွင် တစ်နှစ်လျှင် လူ၁၀၀၀နှုန်းအိပ်ချ်အိုင်ဗွီရောဂါ ကူးစက်ခံရဖွယ် ရှိသည်။ ယနေ့အထိ စင်ကာပူတွင် အိပ်ချ်အိုင်ဗွီရောဂါ ဖြစ်ပွားသူ စုစုပေါင်း၂၃၂၂ဦး ရှိရာ ၈၇၄ဦးမှာ သေဆုံးသွားပြီ ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

## အရပ်ဘက်လေဆိပ်သစ်တစ်ခု တိဗက်ကုန်းပြင်မြင့်၌ တည်ဆောက်မည်

ကျင်ဟိုင်း ဒီဇင်ဘာ ၇

**တရုတ်ကျင်ဟိုင်းပြည်နယ် အနောက်မြောက်ဘက် တိဗက်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ယူရှုးစီရင်စုတွင် ကျွမ်းကျင်သော အင်ဂျင်နီယာ ပညာရှင်များက အရပ်ဘက် လေဆိပ်အဆောက်အအုံတစ်ခု တည်ဆောက်ရေးနှင့်ပတ်သက်သော ဖြစ်နိုင်ဖွယ်ရာ အစီရင်ခံစာတစ်စောင်ကို အတည်ပြုခဲ့သည်။**

**အကဲဖြတ်**

တရုတ်အပြည်ပြည်ဆိုင်ရာ အင်ဂျင်နီယာ အတတ်ပညာ ညှိနှိုင်းအတိုင်းပင်ခံကုမ္ပဏီမှ ကျွမ်းကျင်သူများက စီမံကိန်းနှင့် ပတ်သက်၍ အကဲဖြတ်ခဲ့ကြပြီး အဆိုပါ အတည်ပြုထားသော အစီရင်ခံစာကို နိုင်ငံဖွံ့ဖြိုးရေးနှင့် ပြုပြင်ရေး ကော်မရှင်သို့ နောက်ဆုံးအတည်ပြုချက်အတွက် တင်သွင်းမည်ဖြစ်သည်။ တည်ဆောက်ရန် စီစဉ်ထားသော ယင်းလေဆိပ်သည် ပြည်နယ်အတွင်း မှီတင်းနေထိုင်သူ တိဗက် ၂၆၀၀၀၀အတွက် ပြည်ပသို့ လေကြောင်းဖြင့် သွားလာနိုင်မည့် အခွင့်အလမ်းရရှိမည်ဖြစ်သည်။

**ဆက်သွယ်**

ယင်းစီရင်စု၏ မြို့တော် ဖြစ်သော ဂျေဂူးမြို့သည် ကျင်ဟိုင်းပြည်နယ် မြို့တော်စင်ညင်းမှ ၈၀၀ကီလိုမီတာ အကွာတွင်ရှိသည်။ တိဗက် ကုန်းပြင်မြင့်၏ ကုန်းတွင်းပိုင်းတွင်တည်ရှိသော ယင်းစီရင်စုသည် ယခုအခါ ပြည်ပသို့အဝေးပြေး လမ်းမကြီး တစ်ခုဖြင့်သာ ဆက်သွယ်နိုင်လျက် ရှိသည်။

ယခုလောလောဆယ်၌ ကမ္ဘာ့ခေါင်မိုးဟု တင်စားခေါ်ဆိုသော တိဗက် ကုန်းပြင်မြင့်၌ အရပ်ဘက် လေဆိပ်ခြောက်ခုရှိသည်။နှစ်ခုမှာ ကျင်ဟိုင်းတွင်ရှိပြီး ကျန်လေးခုမှာ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အာရှငွေချေးစာချုပ်ရန်ပုံငွေသို့ ဒေါ်လာသန်း ၂၅၀ ထိုင်းရင်းနှီးမြှုပ်နှံမည်

ကျိုတို ဒီဇင်ဘာ ၇

**ဂျပန်ယန်းငွေချေး စာချုပ်များ၊ ဩစတြေးလျ ဒေါ်လာငွေချေး စာချုပ်များနှင့် နယူးဇီလန်ငွေချေး စာချုပ်များမှအပ အာရှ၌ ပြည်တွင်းငွေ ကြေးအဓိက ချုပ်ကိုင်ထားသော ငွေချေးစာချုပ်များတွင် ရင်းနှီးမြှုပ်နှံရန်အတွက် အာရှငွေချေးရန်ပုံငွေ သို့မဟုတ် အေဘီအက်ဖ်၂၏ ဒုတိယအဆင့်တွင် ထိုင်းဘဏ်ကဒေါ်လာသန်း ၂၅၀ရင်းနှီးမြှုပ်နှံမည့် အစီအစဉ်ကို ထိုင်းအစိုးရအဖွဲ့က တနင်္လာနေ့၌ အတည်ပြုပေးခဲ့သည်။**

အဆိုပါ ရင်းနှီးမြှုပ်နှံမည့်ငွေ ဒေါ်လာသန်း ၂၅၀ကို ထိုင်းဗဟိုဘဏ်အား နိုဝင်ဘာ ၂၆ရက်၌ ဒေါ်လာ၄၈ဘီလီယံရှိသော နိုင်ငံခြားအရန်ငွေကြေးမှ သီးသန့်ဖယ်ထားခွင့် ပြုခဲ့သည်။ ဒေါ်လာ၁ဘီလီယံထက်ပိုသော ပမာဏရှိသည့် အေဘီအက်ဖ်၂ကို ယခုနှစ်ကုန်၌ ထူထောင်မည်ဟု မျှော်လင့်ရကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ ငွေကြေးမူဝါဒရုံး ညွှန်ကြားရေးမှူးချုပ် ပွန်ပါနူဆဗက်တာရန်ဒရာက သတင်းထောက်များအား ပြောကြားသည်။ အေဘီအက်ဖ် ၂၏အပြီးသတ်ဖွဲ့စည်းမှုကို ယခုလအတွင်း၌ အရှေ့အာရှနှင့် ပစိဖိတ်ဗဟိုဘဏ်များ အုပ်စု၏အမှုဆောင်အစည်းအဝေးက ကြေညာဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။ ပွန်ပါနူက အေဘီအက်ဖ် ၂ ကို ပြည်တွင်းငွေကြေး အဓိကချုပ်ကိုင်ထားသော အာရှငွေချေး စာချုပ်ရှစ်ခုတွင် ရင်းနှီးမြှုပ်နှံမည် ဖြစ်သော်လည်း ဂျပန်ယန်းငွေ ငွေချေးစာချုပ်များ၊ ဩစတြေးလျ ဒေါ်လာငွေချေး စာချုပ်များနှင့် နယူးဇီလန် ဒေါ်လာငွေချေးစာချုပ်များ၌ ရင်းနှီးမြှုပ်နှံခြင်းပြုမည် မဟုတ်ကြောင်း ပြောဆိုသည်။ **(အင်တာနက်)**

# မိုဆူးလ်၌ အမေရိကန်ကင်းလှည့်တပ်ဖွဲ့ တိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၇

**အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့တွင် အမေရိကန်ကင်းလှည့်တပ်ဖွဲ့အား အီရတ်ပြောက်ကျားတို့က စနေနေ့၌ တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့၌ ပြောကြားသည်။**

ယင်းတပ်ဖွဲ့ဝင်များမှာ မိုဆူးလ်အနီး၌ အခြေစိုက်ထားသော အိုလံပီယာ အမေရိကန်အထူးတပ်ဖွဲ့မှဖြစ်ကြပြီး စနေနေ့ညနေ ၃နာရီခန့်၌ တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

**သေဆုံး**

ဒဏ်ရာရရှိသော တပ်ဖွဲ့ဝင်များအား မိုဆူးလ်ရှိ စစ်ဆေးရုံသို့ သယ်ဆောင်သွားပြီး သေဆုံးသူများ မည်သူမည်ဝါဖြစ်သည်ဆိုသည်ကို မထုတ်ပြန်ဘဲထားသည်။ အီရတ်၌ ၂၀၀၃ခုနှစ် မတ်လတွင် စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၂၇၆ ရှိခဲ့ပြီဖြစ်သည်။

ဘဂ္ဂဒက်မြောက်ဘက်ရှိ မိုဆူးလ်မြို့သည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအား အပြင်းအထန်ခုခံတိုက်ခိုက်ခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်ပြီး လွန်ခဲ့သည့်လမှ စတင်ကာ အမေရိကန်တပ်ဖွဲ့ဝင်များအား ပိုမိုတိုက်ခိုက်လာခဲ့ကြောင်း မိုဆူးလ်မြို့ရှိ မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**ပစ်ခတ်ရန်ပြင်ဆင်**

**မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ရန် ပြင်ဆင်နေသော အီရတ်ပြောက်ကျားတစ်ဦးကို ဒီဇင်ဘာ ၅ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ဇကာအကန့်မပါသော ကားများ ဥရောပမြို့တော်များ၌ ပိတ်ပင်ခံရဖွယ်

ဖရန့်ဖတ် ဒီဇင်ဘာ ၇

**အကန့်ဇကာမပါသော ကားများမောင်းသည့် ဒီဇယ်ယာဉ်မောင်းများသည် ဥရောပလေထု အရည်အသွေးဆိုင်ရာ စည်းကမ်းချက်အသစ်အရ နောင်နှစ်တွင် ဥရောပမြို့တော်အများအပြား၌ ပိတ်ပင်တားမြစ်ခြင်းခံရနိုင်ကြောင်း အရာရှိများနှင့် တာဝန်ရှိသူများက ပြောကြားသည်။**

ယင်းစည်းမျဉ်းစည်းကမ်းများသည် လေထုကို ညစ်ညမ်းစေသော ကျန်းမာရေးပြဿနာများ တသီတတန်းကြီး ဖြစ်ပွားစေနိုင်သော ကိစ္စရပ်များကို ကန့်သတ်ရန် ကြိုးပမ်းထားခြင်းဖြစ်သည်။ အထူးသဖြင့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် နေထိုင်မကောင်းသူများသည် လေထုညစ်ညမ်းမှုမှ ရောဂါများဖြစ်ပွားနိုင်သောကြောင့် ဖြစ်သည်။

ဂျာမနီမြို့ကြီးများတွင်ရှိသော တိုးချဲ့ဒေသအများအပြားရှိ ထိုကားများကို မောင်းနှင်ခြင်းအား ပိတ်ပင်မှုရှိမည်ဟု မိမိယူဆကြောင်း၊ ရာသီဥတုနှင့် ယာဉ်အသွားအလာ အခြေအနေပေါ်မူတည်လျက် တစ်နှစ်လျှင် သုံးလေးကြိမ် အမှန်တကယ်လုပ်ဆောင်ရမည်ဟု ယူဆကြောင်း ဂေဟဗေဒပညာရှင်များအုပ်စုအကြီးအကဲ ဂျူအာဂျင်ရဲစ်ချ်က ပြောကြားသည်။

အသွင်ကူးပြောင်းမှု ကာလရှည်ကြာခဲ့သော်လည်း မြို့တော် ၁၂ခုသည် စံသတ်မှတ်ချက်အသစ်များကို ဖြည့်ဆည်းရန် ပြင်ဆင်ထားပုံမရကြောင်း အရာရှိများက ပြောကြားသည်။ လေ့လာချက်တစ်ခုတွင် လူအများအပြားသည် ယာဉ်မတော်တဆမှုကြောင့် သေရသည့် အရေအတွက်ထက် ဒီဇယ်မီးခိုးများကို ရှူရှိုက်ရသဖြင့် သေဆုံးရသော အရေအတွက်မှာ ငါးဆမျှရှိသည်ကို တွေ့ရသည်ဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

**ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေသည်ကို ဒီဇင်ဘာ ၆ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## ဒီဇင်ဘာ ၇ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၂၇၉ဦးရှိပြီ

ဘဂ္ဂဒက် ဒီဇင်ဘာ ၈

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီးဝင်ရောက် ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက် ရှိကြသည်။**

ဒီဇင်ဘာ ၇ရက် အင်္ဂါနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၂၇၉ ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၉၉၉ ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

**သေဆုံး**

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယားခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒိုး၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။

**ပြောကြား**

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၁၄၁ဦး ဖြစ်ပြီး ယင်းအနက် ၈၉၀ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

## နိုင်ငံတကာအရေးကိစ္စများ တရုတ်-ပြင်သစ် ရှုမြင်သုံးသပ်ချက်တူညီ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် တရုတ်ထောက်ခံ

ပေကျင်း ဒီဇင်ဘာ ၈

**နိုင်ငံတကာဆိုင်ရာ အရေးကိစ္စများနှင့် စပ်လျဉ်း၍ တရုတ်နှင့် ပြင်သစ်နိုင်ငံတို့ ရှုမြင်သုံးသပ်ချက်တူညီမှုရှိကြောင်း တရုတ်သမ္မတ ဟူကျင်တောင်သည် ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် တယ်လီဖုန်းဖြင့် ဆွေးနွေးစဉ် တနင်္ဂနွေနေ့က ပြောကြားသည်။**

ထိုသို့ဆွေးနွေးရာတွင် အီရတ်ပြဿနာ ဖြေရှင်းချက်တိုးတက်မှုရှိရေး နှစ်ဖက်ပူးတွဲကြိုးပမ်းသင့်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုရရှိရေး နှစ်ဖက်ပူးတွဲကြိုးပမ်းသင့်ကြောင်း သမ္မတဟူက ပြောကြားသည်။

**ထောက်ခံ**

ချူကလီယားကိစ္စ ရေရှည်ဖြေရှင်းချက်နှင့် စပ်လျဉ်း၍ ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်နိုင်ငံတို့ ဆက်လက်ဆွေးနွေးရေး ကြိုးပမ်းမှုများကို တရုတ်နိုင်ငံက ထောက်ခံကြောင်းလည်း သမ္မတဟူက ပြောကြားသည်။ ထိုကိစ္စတွင် တရုတ်နိုင်ငံ က အပြုသဘောဆောင်သော ကဏ္ဍတစ်ရပ်ကို ဆက်လက် လုပ်ဆောင်သွားမည်ဟု ဆိုသည်။

**စိုးရိမ်**

ထို့ပြင် တရုတ်သမ္မတ ဟူကျင်တောင်က အီရတ်၌ လက်ရှိဖြစ်ပေါ်နေသော အခြေအနေအပေါ် အလွန်အမင်းစိုးရိမ်ကြောင်းလည်း ပြောဆိုသည်။

**ပေါ်လွင်စေခဲ့**

မကြာမီက ကျင်းပခဲ့သောနိုင်ငံတကာ ညီလာခံသည် အီရတ်ပြန်လည်တည်ဆောက်ရေးကိစ္စနှင့်ပတ်သက်၍ တညီတညွတ်တည်း ပိုမိုသဘောတူညီမှုရရေးကို အထောက်အကူပြုခဲ့ရာ အီရတ်နိုင်ငံ ငြိမ်းချမ်းရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းထံမှ ထောက်ခံမှုများကို ထင်ဟပ်ပေါ်လွင်စေခဲ့သည်။

**ဖြေရှင်းရမည်**

အရှေ့အလယ်ပိုင်းကိစ္စများနှင့် စပ်လျဉ်း၍ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းကို တရုတ်နိုင်ငံက ထောက်ခံကြောင်းနှင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များနှင့်အညီ သက်ဆိုင်သောကိစ္စရပ်များကို ဖြေရှင်းရမည်ဖြစ်ကြောင်းလည်း ဟူကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ချမ်းသာသည့်နိုင်ငံများ ထောက်ပံ့ကူညီရေးကတိကဝတ်ပျက်မှု လာမည့်နှစ်၌ကမ္ဘာတစ်ဝန်းတွင် ကလေး ၄၅ သန်းသေဆုံးကြရဖွယ်ရှိ

လန်ဒန် ဒီဇင်ဘာ ၇

**ချမ်းသာသောနိုင်ငံများက ၎င်းတို့၏ကတိကဝတ်ခံယူချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းမရှိသဖြင့် လာမည့်ဆယ်စုနှစ်အတွင်း ကမ္ဘာတစ်ဝန်းရှိ ကလေးငယ် ၄၅သန်းခန့်သေဆုံးကြရဖွယ်ရှိမည်ဟု လူသားချင်းစာနာသည့်အောက်စ်ဖမ်အဖွဲ့အစည်းက တနင်္လာနေ့၌ ပြောကြားလိုက်သည်။**

ကမ္ဘာ့အဆင်းရဲဆုံးကလေးငယ်များသည် ချမ်းသာသောနိုင်ငံများ၏ ထောက်ပံ့ကူညီမှုနှင့်ကြွေးမြီဆိုင်ရာမူဝါဒများအတွက် ၎င်းတို့၏အသက်များကို ပေးဆပ်နေကြရကြောင်း အောက်စ်ဖမ်ညွှန်ကြားရေးမှူးဘာဘရာစတော့ကင်က ပြောကြားသည်။

**ဖော်ပြ**

အမေရိကန်ပြည်ထောင်စု၊ ဂျာမနီနှင့်ဂျပန်ကဲ့သို့သောနိုင်ငံများသည် ထောက်ပံ့ကူညီမှုတွင် ၎င်းတို့၏စုစုပေါင်းနိုင်ငံဝင်ငွေ၏သုညဒသမ ၇ရာခိုင်နှုန်း သုံးစွဲရန် ၁၉၇၀ပြည့်နှစ်က တာဝန်ခံထားခဲ့သောကတိကဝတ်များကိုပျက်ခဲ့ကြသဖြင့် အကျိုးရလဒ်မှာ ၂၀၁၅ ခုနှစ်၌ ကလေးငယ် ၄၅သန်းထိသေဆုံးကြရမည်ဖြစ်ကြောင်း အောက်စ်ဖမ်လူသားချင်းစာနာမှုအဖွဲ့အစည်း၏အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုသည် ထောက်ပံ့ကူညီမှုတွင် ယင်းနိုင်ငံ၏ စုစုပေါင်းဝင်ငွေ၏ သုညဒသမ ၁၄ ရာခိုင်နှုန်းမျှကိုသာပေးထားခဲ့ရာ အီရတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်ခဲ့ရာ၌ သုံးစွဲခဲ့သောငွေကြေးပမာဏ၏ ဆယ်ပုံတစ်ပုံ မျှသာရှိသည်ဟု အောက်စ်ဖမ်ကပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ**



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ရန် မွန်ဂိုလီးယားနိုင်ငံမှ ဆရာတော်ကြီးများ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကြိုဆိုပင့်ဆောင်သူများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့တက်ရောက်ရန် ထိုင်းနိုင်ငံမှဆရာတော်များ ကြွရောက်လာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

## ပင့်ဆောင်

အဆိုပါ ကြွရောက်တော်မူလာကြသော သီရိလင်္ကာသံဃရာဇာ ဆရာတော်ကြီးနှင့် ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီးများအား သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဂုဏ်ထူးဆောင်ပါမောက္ခဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဉာဏိဿရ(D.Litt)၊ သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ ဒေါက်တာ ဩသဓသာရ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသန်းထွန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mr.D.M.M.Ranaraja နှင့် ကြိုဆိုရေးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ကြိုဆိုပြီး ခေတ္တတည်းခိုသီတင်းသုံးမည့် Sedona Hotel သို့ ပင့်ဆောင်ပို့ဆောင်ပေးကြသည်။

အလားတူ မွန်းလွဲ ၁၂နာရီခွဲတွင် အမေရိကန်နိုင်ငံ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့၊ စင်ကာပူသမ္မတနိုင်ငံ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့တို့သည်လည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲတွင် မွန်ဂိုလီးယားနိုင်ငံ သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သံဃရာဇာ Ven. Yondon Amgalan နှင့် ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ဝင်များသည်လည်းကောင်း လေကြောင်းခရီးဖြင့်ရောက်ရှိလာကြရာ သီတဂူဆရာတော်ကြီးနှင့် ကြိုဆိုပင့်ဆောင်ရေးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်ကြိုဆိုကြပြီး ခေတ္တသီတင်းသုံးတည်းခိုနေထိုင်မည့် Sedona Hotel သို့ ပင့်ဆောင်ပို့ဆောင်ပေးကြသည်။

## ညီလာခံတက်ရောက်မည်

ထို့အတူ ညပိုင်းတွင်လည်း ရုရှားဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့၊ ဂျာမနီဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့၊ စင်ကာပူ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့နှင့် ကမ္ဘောဒီးယားနိုင်ငံ မဟာနိကာယဂိုဏ်းချုပ် H.H. Tep Veng နှင့် ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံသာသနာရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr.Khun Haing လိုက်ပါ၍လည်းကောင်း၊ ထိုင်းနိုင်ငံမှ ပြည်နယ်သံဃနာယက ဆရာတော်ကြီးများဖြစ်ကြသည့် Most Ven. Dr.Phra Dhammoli၊ Most.Ven. Dr.Phra Dhamworanayok တို့နှင့်အတူ မဟာချူလာလောင်ကွန်တက္ကသိုလ်၊ မဟာမခုတ္တတက္ကသိုလ် ထိုင်းဗုဒ္ဓဘာသာအဖွဲ့၊ နိုင်ငံတကာ ဗုဒ္ဓဘာသာလေ့လာရေးအဖွဲ့နှင့် ထိုင်းသံဃာ့ကောင်စီတို့မှအဖွဲ့ဝင်များသည်လည်းကောင်း ရန်ကုန်မြို့၌ ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ကြရန် လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

အလားတူ ဂျပန်နိုင်ငံ Jo Fukuin Temple (Wa Kayama Kejecture) သံဃရာဇာ ဆရာတော်ကြီးနှင့် ဘုန်းတော်ကြီးများ၊ Banshoji Temple Wagoyu မှ ဘုန်းတော်ကြီးများ၊ Tokyo Zenkoji Temple မှ ဘုန်းတော်ကြီးများနှင့် အလှူရှင်များသည်လည်း ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့တက်ရောက်ရန် ရောက်ရှိနေကြပြီဖြစ်သည်။ **(သတင်းစဉ်)**



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ မဟာနိကာယဂိုဏ်းချုပ် ဆရာတော်ဦးဆောင်သော ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့နှင့် ဂျာမနီနိုင်ငံမှ ဆရာတော်များနှင့်ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့တက်ရောက်ရန် စင်ကာပူသမ္မတနိုင်ငံမှ ဆရာတော်ကြီးနှင့် ဗုဒ္ဓ ဘာသာကိုယ်စားလှယ်အဖွဲ့ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့်အတူ တွေ့ ရစဉ်။ (သတင်းစဉ်)

## ရဟန္တာအရှင်ဥပဂုတ္တမထေရ်မြတ်ကြီးဒေသစာရီကြွချီအပူဇော်ခံမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

မဟာလာဘမုနိ မြတ်စွာဘုရားရှင်အားအမှူးပြု၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် စင်ကာပူကျောင်းတိုက် မင်္ဂလာကန်တော်အတွင်းရှိ ပြာသာဒ်ဗိမာန်၌ ကိန်းဝပ်စံပယ် သီတင်းသုံးတော်မူလျက်ရှိသည့် ရဟန္တာအရှင်ဥပဂုတ္တမထေရ်နှင့် ရဟန္တာ အရှင်သီဝလိမထေရ်တို့၏ ဒေသစာရီကြွချီအပူဇော်ခံပွဲကို (၁၃)ကြိမ်မြောက်အဖြစ် ပုဇွန်တောင်မြို့နယ်အတွင်းရှိ အမှတ်(၂)၊(၃)၊(၄)၊(၅)နှင့်(၆)ရပ်ကွက်တို့သို့ ဒီဇင်ဘာ ၁၄ရက်တွင်လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ တောင်လုံးပြန်ရပ်ကွက်၊ ကျီတော်ရပ်ကွက်နှင့် ပုဇွန်တောင်မြို့နယ် အမှတ်(၇)၊(၈)နှင့်(၉)ရပ်ကွက်တို့သို့ ဒီဇင်ဘာ ၁၅ရက်တွင်လည်းကောင်း၊ ပုဇွန်တောင်မြို့နယ် အမှတ်(၁)နှင့်(၁၀)ရပ်ကွက်တို့သို့ ဒီဇင်ဘာ ၁၆ရက်တွင်လည်းကောင်း နေ့စဉ်ညနေ ၅နာရီမှ စတင်၍ ဒေသစာရီလှည့်လည်ကျင်းပမည်ဖြစ်ရာ သံဃာတော်၁၀ပါးတို့က အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူမည်ဖြစ်သဖြင့် သဒ္ဓါကြည်လင် ပါရမီရှင်များ စေတနာသဒ္ဓါတရားအလျောက် လှူဖွယ်ပစ္စည်းများ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဝယ်ယူအားပေး**

**ဒီဇင်ဘာ၈ရက်က ၁၃၆၆ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်ကို ဆက်လက်ဖွင့်လှစ် ရောင်းချလျက်ရှိရာ စာပေမြတ်နိုးသူပြည်သူများ လာရောက်ကြည့်ရှု ဝယ်ယူအားပေးကြစဉ်။**

(သတင်း-၇)(သတင်းစဉ်)

9-12 (06).p65 1 3/24/05, 1:17 PM

● ရှေ့ဖုံးမှ

### ဘက်စုံတည်ဆောက်ရေးရှင်းပြ

ထို့နောက် စိုက်ပျိုးရေးပြတိုက် ဧည့်ခန်းမ၌ ဧည့်သည်တော် ဝန်ကြီးချုပ်အား မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ကန်တော်ကြီးဝန်းကျင် ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားပြီး ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေက ကန်တော်ကြီးဥယျာဉ်၌ ဖုန်လေးဖုန်ခွဲ၍ ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုလေ့လာ

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်တော်ကြီးဥယျာဉ် Relaxation Zone ရှိ Elephant Plaza နှင့် Education Zone ရှိ မြန်မာ့သဘာဝ သစ်ခွပြကွက်နှင့် ပရဆေးဥယျာဉ်တို့ကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် Education Zone ရှိ Fresh Water Fish Gardenသို့ရောက်ရှိကြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ကြိုဆိုပြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းက Fish Gardenအတွင်း လှည့်လည်ရှင်းလင်းပြသသည်။

### ရှင်းလင်းပြသ

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် Central Forest Zone ရှိ Water Plaza၊ Popa Tower Project နှင့် Rock Gardenတို့ကို လှည့်လည်ကြည့်ရှုကြရာ သစ်တောရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် Recreationရှိ ကရဝိက်ဂါးဒင်းသို့ ရောက်ရှိကြပြီး Souvenior Shopsအတွင်းရှိ မြန်မာ့ရိုးရာ အနုပညာပစ္စည်းအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

### လက်ဆောင်ပေးအပ်

ထို့နောက် ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကရဝိတ်ဂါးဒင်းဘက်စုံ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး Zan Photo Art Gallery မှ ရုပ်ရှင်သရုပ်ဆောင် ဓာတ်ပုံပညာရှင် လွင်မိုးက ၎င်းကိုယ်တိုင် ရိုက်ကူးထားသည့် ဓာတ်ပုံများကို ပြသကာ ပုဂံမြို့ ကန်တော့ပလ္လင်ဘုရားဓာတ်ပုံကို ဧည့်သည်တော်ဝန်ကြီးချုပ်အား လက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် Recreation Zoneရှိ View Deckကို သွားရောက်ကြည့်ရှုလေ့လာကြပြီး ညနေ ၅နာရီ ၁၅ မိနစ်တွင် ကန်တော်ကြီးဥယျာဉ်မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ဖြစ်မြောက်ရေးစည်းဝေး ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ (Myanmar Disabled Peoples' Organization) ဖြစ်မြောက်ရေးမျက်နှာစုံညီအစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (I.B.C)ခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော ကိုယ့်အားကိုယ်ကိုး မသန်စွမ်းသူများအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့ အစည်းများ၊ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မသန်စွမ်းကျောင်းများမှ ကျောင်းအုပ်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဒီဇင်ဘာ ၆ ရက်က (၈၄)နှစ်မြောက်အမျိုးသားနေ့အခမ်းအနားကို အထက(၁)လှိုင်တွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၈၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းက ဖတ်ကြားစဉ်။** (က-ပ)

# စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်ဆက်လက်ဖွင့်လှစ်ရောင်းချ

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၆၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ်စာအုပ်ဈေးပွဲတော်ကို ဆဌမနေ့အဖြစ် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်-ကုန်သွယ်မှုဗဟိုဌာန၌ ဆက်လက်ဖွင့်လှစ်ပြသရောင်းချပေးလျက်ရှိသည်။

စာအုပ်ဈေးပွဲတော်တွင် စာပေတိုက် ၄၈တိုက်က ဆိုင်ခန်းပေါင်း ၇၆ခန်း ဖွင့်လှစ်၍ သုတ၊ ရသ စာအုပ်မျိုးစုံကို ခင်းကျင်းပြသရောင်းချပေးလျက်ရှိရာ စာပေချစ်မြတ်နိုးသူ ရဟန်းရှင်လူ ပြည်သူလူထု ၈၀၀၀ ကျော်လာ ရောက်ကြည့်ရှုလေ့လာ ဝယ်ယူကြရာ ယနေ့စာအုပ်ရောင်းရငွေ စုစုပေါင်းမှာ ငွေကျပ် ၂၁သိန်းကျော်ဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၉-၁၂-၂၀၀၄

(ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ပရိတ်တရားတော်

၇:၁၅။ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၅ ၄။ **ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**

၅။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ တေးဂီတအစီအစဉ်

၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)

၁၇:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၁၇:၁၅ ၆။ မြန်မာစာ၊မြန်မာစကား

၁၇:၃၀ ၇။ တေးဂီတအစီအစဉ်

၁၇:၄၅ ၈။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်

၁၈:၀၀ ၉။ တောင်းဆုပြည့်စုံ မြတ်ဘုရားရွှေတိဂုံ(အပိုင်း-၂)

၁၈:၁၅ ၁၀။ ကမ္ဘာ့ဝိပဿနာစေတီတော် (The Great Global Pagoda)

၁၈:၃၀ ၁၁။ ညနေခင်းသတင်း

၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၃၅)

၁၉:၃၅ ၁၄။ Union of Myanmar. (Part-2)

၁၅။ Islands of Dhamma

၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **"ရဟန်းစားရသော ဆွမ်းတစ်နပ်"**(အင်္ဂလိပ်စာတန်းထိုး) (ဇော်လင်း၊အံ့ကျော်၊ မြတ်သစ်၊ နေမျိုး) (ဒါရိုက်တာ-မောင်နှင်းမိုး)

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

# မိတ္ထီလာဆရာတော် သစ္စာတရား ဟောကြားမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကြည်ကုန်းနယ်မြေ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၁၂၉)၏ ပဓာန နာယက ကျောင်းသစ်ကျောင်းမိတ္ထီလာဆရာတော် ဘဒ္ဒန္တပညာစာရ(ကမ္မဋ္ဌာနာစရိယ)သည် ဒီဇင်ဘာ ၁၈ရက်မှ ၂၂ ရက် (နတ်တော်လဆန်း၇ရက်မှ ၁၁ ရက်အထိ) မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်ရှိ ဓမ္မာရုံတော်ကြီး၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားလာရောက်နာယူနိုင်ရန် ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။

**(က-ပ)**

# တွံတေးအထက မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၈**

တွံတေးအထကတွင် ပညာသင်ကြားပေးခဲ့သော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား(၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်းရှိ ယုဇနခန်းမ၌ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

### လှူဒါန်းနိုင်

ရပ်ဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒေါ်သင်းသင်း ဖုန်း-၀၁-၅၆၅၈၈၁၊ ဒေါက်တာသိန်းဇော်မြင့် ဖုန်း-၀၄၅-၅၀၀၀၉၊ ဦးဘမြင့် ဖုန်း-၀၄၅-၅၀၁၈၇၊ ဦးခင်ဝင်း(ပညာရေးမှူးရုံး) ဖုန်း-၀၄၅-၅၀၄၄၇ နှင့် ဦးထွန်းဝေ ဖုန်း-၀၄၅-၅၀၁၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

**လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။**

**၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွက်**

**(၁၂-၁၂-၂၀၀၄)ရက်နေ့**

**နှင့်**

**(၂၆-၁၂-၂၀၀၄) ရက်နေ့**

**စုပေါင်း**

**ကာကွယ်**

**မီး**

**အန္တရာယ်**



**ဒီဇင်ဘာ ၄ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတံခွန်စိုက်ဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်းက အဖွင့်အမှာစကားပြောကြားစဉ်။** (က-ပ)



# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၈

**ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ဒီဇင်ဘာ ၉ရက်မှ ၁၀ရက်အထိ ကျင်းပမည့် ဘင်းမ်စတက်ဒေသတွင်း အကြမ်းဖက်မှု တားဆီးနှိမ်နင်းရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ညနေ ၃နာရီတွင် အိန္ဒိယသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**

## ပို့ဆောင်နှုတ်ဆက်

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်း ဌာနမှ ဌာနမှူး ရဲမှူးကြီးစစ်အေး၊ ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်စိန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညွှန့်ဆွေတို့လည်းလိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စွယ်တော်မြတ်စေတီတော်(ရန်ကုန်) အသံမစဲမဟာပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဂန္ဓကုဋိတိုက်အတွင်း၌ ပဥ္စမအကြိမ် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဆိုပူဇော်ပွဲကို (၁၃၆၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်မှ နတ်တော်လပြည့်ကျော် ၅ရက်) ဒီဇင်ဘာ ၁၂ ရက်မှ ၁၆ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ တောင်တွင်းကြီး မြို့နယ်အပိုင်းရှိ ခရိုင်ချင်းဆက်လမ်း ကျောက်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။**

(နယ်စပ်/စည်ပင်)



**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ၂၀၀၄ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက် (အကျောပေး)ပြိုင်ပွဲ၌ တတိယဆုရရှိခဲ့သော သစ်တောရေးရာဝန်ကြီးဌာန ဂေါက်သီးရိုက်အသင်းနည်းပြအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(သစ်တောရေးရာ)

# သစ်တောရေးရာဝန်ကြီးဌာန တတိယဆုရဂေါက်သီးရိုက်အသင်းအားဂုဏ်ပြု

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၀၄ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက်(အကျောပေး)ပြိုင်ပွဲ၌ တတိယရရှိခဲ့သော သစ်တောရေးရာ ဝန်ကြီးဌာန ဂေါက်သီးရိုက်အသင်းအား ဂုဏ်ပြုပွဲကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံမြက်ခင်းပြင်၌ ကျင်းပသည်။

## ရှင်းလင်းတင်ပြ

ဂုဏ်ပြုပွဲတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် အသင်းအုပ်ချုပ်သူ ဒုတိယအထွေထွေ မန်နေဂျာ ဦးခင်မောင်စိုးက ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ အသင်းနည်းပြ ဦးခင်မောင်မြင့်က ပြိုင်ပွဲမဝင်မီ လေ့ကျင့်မှု အစီအစဉ်များနှင့် ပြိုင်ပွဲအတွင်းယှဉ်ပြိုင်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက အသင်းနည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုဆုများကို တစ်ဦးချင်းပေးအပ်သည်။ ထို့နောက် ဂေါက်သီးရိုက် အားကစားသမား ဦးမြတ်ကိုကိုက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**



# မကွေးတိုင်းအတွင်းရှိ စည်ပင်သာယာရေး လုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၈

**နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးကျော်မြင့် လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့နယ် ဆတ်သွားမှ ခနဲးမြောင်အကြား ကျောက်လမ်းခင်းနေသော ခရိုင်ချင်းဆက်လမ်း လုပ်ငန်းခွင်သို့ရောက်ရှိရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်က ကျောက်လမ်းခင်းနေသော လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။**

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဆင်ပေါင်ဝဲမြို့နယ်အပိုင်းရှိ ခရိုင်ချင်းဆက်လမ်းဖောက်လုပ်နေသော ရှင်းလင်းဆောင်သို့ရောက်ရှိလာရာ တိုင်းညွှန်ကြားရေးမှူးက ခနဲးမြောင်နှင့် သမ္ဗူလကြားရှိ မြေသားလမ်းဖောက်လုပ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက စက်ယန္တရားများကို ထိရောက်စွာ အသုံးပြုကိုင်တွယ်ကြရန် မှာကြားသည်။

## တွေ့ဆုံနှုတ်ဆက်

ယင်းနောက် ဒုတိယဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာရှိ ဦးထိန်ဝင်း၏ ကျေးလက် အိမ်ရာကို ကြည့်ရှုစစ်ဆေးပြီး အိမ်ရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းကောင်းများဖြစ်အောင် အစဉ်ကြိုးစားလုပ်ဆောင်ရေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့အား မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးခန်း၌ အမှုဆောင်အရာရှိက မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကိုမှာကြားပြီး မြို့သာယာလှပရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နတ်မောက်မြို့ မြို့သစ်-နတ်မောက်လမ်းနှင့် မကွေးလမ်းဆုံရှိ ကျောက်တုံး ဥယျာဉ် မြေယာရှုခင်း အလှ လုပ်ငန်းနှင့် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးခန်း၌ အမှုဆောင်အရာရှိက မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကိုမှာကြားသည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မကွေးလမ်းနှင့် ရန်အောင်မြင်လမ်းဆုံရှိ လမ်းလယ်ကျွန်း သာယာလှပရေး လုပ်ငန်း၊ မြစည်းခုံဘုရားလမ်းကတ္တရာရေပိတ်လွှာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

## ထိန်းသိမ်းဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးမြို့နယ် ကန်ပြားအရှေ့ရွာရှိ ဦးတင်ထွေး၏ ကျေးလက် အိမ်ရာကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့နယ် ဘုရားပြို(မြောက်)ကျေးရွာ စက်ရေတွင်းတူးဖော်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ စက်ယန္တရားကြီးများကို ဂရုတစိုက် ထိန်းသိမ်းဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် “ဆရာဝန်များအတွက် လုပ်ငန်းခွင်ကျန်းမာရေးသင်တန်း” ဆင်းပွဲကို ဒီဇင်ဘာ ၃ရက်က အလုံမြို့နယ်ရှိ လုပ်ငန်းခွင် ကျန်းမာရေးဌာန ခန်းမတွင် ကျင်းပရာ လုပ်ငန်းခွင်ကျန်းမာရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်က သင်တန်းဆင်းအမှာစကားပြောကြားစဉ်။**

(က-ပ)



“မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ-၂၀၀၄”

ကျင်းပမည့်နေ့ရက် - ၁၈-၁၂-၂၀၀၄ မှ ၂၂-၁၂-၂၀၀၄

ကျင်းပမည့်နေရာ - ရှမ်းပြည်နယ်(မြောက်ပိုင်း)
မူဆယ်မြို့ (မန်ဝိန်းကုန်ချကွင်း)

# ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ဂုဏ်ပြုအပ်ပါသည်

## မြင့်ထွန်းဦး

**"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**

သုံးကြိမ်သုံးခါ ရွတ်ဆို ဘုရားကန်တော့၍ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံကြီးကို ဂုဏ်ပြုအပ်ပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ပြည်ထောင်စုမြန်မာ နိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော် ကြီးတွင်ကျင်းပမည်ဆိုသည့် သတင်းကိုကြားရသည့်အချိန်မှစ၍ ဗုဒ္ဓဘာသာ အနွယ်ဝင် သူတော်စင်အပေါင်းတို့၏ စိတ်ဝယ်ကျေနပ်ပီတိ ဝမ်းမြောက်ခြင်း ဖြစ်ကြရသည်နှင့်အညီ "သာဓု"အကြိမ်ကြိမ်ခေါ်ဆိုပြီး ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး (The World Buddhist Summit) အားကြိုဆိုလျက် ရှိကြပါသည်။

ကြည်နူးဝမ်းမြောက်သာဓုခေါ်ရင်းနှင့်အတူ မြန်မာပြည်သားဖြစ်ရ သည်ကိုလည်း ဂုဏ်ယူမဆုံးဖြစ်ရပါသည်။ ထိုထက်ပို၍ ဆိုရပါလျှင် ယနေ့ ယခု ကျွန်ုပ်တို့ သက်ရှိထင်ရှား လှုပ်ရှားဆောင်ရွက်ရာ ဤစကြဝဠာကြီး၌ လူဖြစ်ရသည်ကပင် ကုသိုလ်ထူးလှပါသည်။

"စကြဝဠာအနန္တ "ဟူသောစကားအရ စကြဝဠာအနန္တ ရှိသော်လည်း ဤစကြဝဠာသည်သာ အခြားသောစကြဝဠာများထက် ထူးချွန်မွန်မြတ်သော စကြဝဠာဖြစ်ပေသည်။ အကြောင်းသော်ကား ဤစကြဝဠာ၌သာ ရတနာ သုံးပါးရှိသည်။ တိပိဋကရေပုဂ္ဂိုလ်ကျော်များရှိသည်။ ပိဋကနှစ်ပုံဆောင်၊ ပိဋကတစ်ပုံဆောင်တို့လည်း များစွာရှိသည်။

အခြားစကြဝဠာတို့၌ ဘုရားရှင်တို့ပွင့်ရိုးမရှိ၊ ဘုရားရတနာမရှိ၊ ဘုရားရတနာမရှိလျှင်တရားရတနာလည်း မရှိနိုင်၊ ဘုရားရတနာ၊ တရားရတနာ များ မရှိသဖြင့် သံဃာရတနာများလည်း ရှိနိုင်မည်မဟုတ်ပါ။

ဤသို့ ထူးမြတ်ကျက်သရေတင့်ဖြိုးဝေသည့် ဤစကြဝဠာကြီး အတွင်း၌ပင် အမြတ်ဆုံးဒေသကို ဖော်ပြရပါလျှင်-

မဟာပါသာဏလိုဏ်ဂူတော်ကြီးသည် သာသနာ့သမိုင်းဝင် ထူးခြား မွန်မြတ်လှသော နေရာကြီးဖြစ်သည်။

ဤမဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် သာသနာ့သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာတင်ခဲ့ခြင်းသည်ပင်လျှင် အဆိုပါ မဟာပါသာဏ လိုဏ်ဂူ တော်ကြီး၏ ဝိသေသလက္ခဏာတစ်ရပ်ပင်ဖြစ်သည်။

လိုဏ်ဂူတော်ကြီးအတွင်းသို့ဝင်ရန် ဖောက်လုပ်ထားသောဝင်ပေါက်မှာ ခြောက်ပေါက်ဖြစ်သည်။ လိုဏ်ဂူတော်ကြီးအတွင်းသို့ဝင်လိုက်လျှင် စွင့်စွင့် ငွားငွား မားမားမတ်မတ် တိုင်ကြီးခြောက်တိုင် ဖန်တီးထားသည်ကို မြင်ရမည် ဖြစ်သည်။ ဤသည်မှာ ခြောက်ကြိမ်မြောက် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၏ အထိမ်းအမှတ်များပင်ဖြစ်သည်။

လိုဏ်ဂူတော်ကြီးအတွင်းမှနေ၍ကြည့်လျှင် တံခါးမကြီးသည်လည်း ကောင်း၊ ပြတင်းများသည်လည်းကောင်း၊ လေဝင်ပေါက်များသည်လည်းကောင်း တစ်ထပ် တစ်ထပ်၌တွက်စစ်ကြည့်ပါက အပေါက်ပေါင်း ၂၄ ပေါက်ကို တွေ့ရမည်ဖြစ်သည်။

ပထမထပ်အတွင်း တံခါးပေါက်ကြီးများကို တွက်စစ်ကြည့်ရှုပါက လည်း ၂၄ပေါက် ရှိလေသည်။ အပေါ်ဆုံး လေဝင်လေထွက်အပေါက်များကို စိစစ်ကြည့်ရှုပါကလည်း ၂၄ပေါက်တွေ့ရမည်ဖြစ်သည်။

ဤသို့ (၃)ဆင့်၊ (၃)ထပ် ထားခြင်းသည် ရတနာ(၃)ပါး ဦးထိပ်ထား ခြင်းကို ရည်ရွယ်ခြင်းဖြစ်သည်။ မည်သည့်အထပ်မဆို အပေါက်များကို ၂၄

**ထေရဝါဒငါးနိုင်ငံအနက် မြန်မာနိုင်ငံသည် ပဉ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာတို့ကို နှစ်ကြိမ်တိုင် တင်နိုင်ခဲ့ခြင်း၊ ရဟန်း သံဃာတော် လေးသိန်းနီးပါးတို့က ဘုရားသာသနာတော်ကြီးအား စောင့်ရှောက်လျက် ရှိခြင်းတို့မှာ ထူးခြားမွန်မြတ်လှပေသည်။**

**"အရှေ့ဇင်္ဂလ၊ ရှေ့တောင်ကမူ သလ္လာဝတီ၊**
**တောင်ဆီသေတ၊ နောက်ထူဏ၊**
**မြောက်မှဥသီရဒ္ဓဇာ။"**
**"နိမိတ်ငါးရပ်၊ ပိုင်းခြားအပ်**
**တွင်းရပ်မဇ္ဈိမာ။"**

ဟူသော ရှေးကျမ်းမြတ်တို့တွင်လာရှိသည့်အတိုင်း ယင်းမဇ္ဈိမဒေသ နယ်ပယ် သည်သာလျှင် ဘုရား၊ ပစ္စေကဗုဒ္ဓါနှင့်ထိပ်တန်းသာဝကတို့ ပေါ်ထွန်းရာ အမြတ်ခေါင်ဖျားဖြစ်သော ဒေသနယ်ပယ်ဖြစ်လေသည်။ထို့ပြင် ယင်းမဇ္ဈိမ ဒေသ၌ တိပိဋကရေ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကျော်မြောက်မြားစွာတို့ပေါ် ထွန်းခဲ့ဖူးကြောင်းကို သာသနာဝင်ကျမ်းစာများအလိုအရ သိရသည်မှာ ဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။

ဤသို့ဖြင့် နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ မဇ္ဈိမဒေသ၌ သာသနာအရောင် မတောက်မပြောင် မှေးမှိန်ပြီးနောက် ယခုတိုင် ထေရဝါဒ သာသနာအရောင် တောက်ပြောင်လင်းလက်နေသော နိုင်ငံများမှာ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံတို့ဖြစ်ပေသည်။

**ယင်းထေရဝါဒ ငါးနိုင်ငံအနက် မြန်မာနိုင်ငံသည် ပဉ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာတို့ကို နှစ်ကြိမ်တိုင်တင်နိုင်ခဲ့ခြင်း၊ ရဟန်းသံဃာတော် လေးသိန်းနီးပါးတို့က ဘုရားသာသနာတော်ကြီးအား စောင့်ရှောက်လျက် ရှိခြင်းတို့မှာ ထူးခြားမွန်မြတ်လှပေသည်။**

နိုင်ငံတော်အစိုးရက သာသနာရေးဝန်ကြီးဌာနကို တစ်သီးတခြား ဖွင့်လှစ်ကာ ဗုဒ္ဓသာသနာတော်ကြီး အရှည်တည်တံ့ရေးမျှော်တွေးပြီး သာသနာ တော်ကို စောင့်ရှောက်လျက်ရှိသည်မှာလည်း လူသာဓုခေါ်၊ နတ်သာဓုခေါ်ကြ မည်သာ ဖြစ်သည်။

အထူးသဖြင့် တိပိဋကရေ သာသနာ့အာဇာနည် ပုဂ္ဂိုလ်မြတ်တို့ ပေါ်ထွန်းရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ယခုသာသနာနှစ် ၂၅၀၀ကျော်တွင် ဘာသာသာသနာ ရောင်ဝါနေသို့ လင်းလျက်ရှိသည်မှာ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးအတွက် အားတက်ဖွယ်ပင်ဖြစ်သည်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးကို ဒီဇင်ဘာလ ၉ရက်**(ယနေ့)**မှစ၍ ၁၁ရက်နေ့အထိ သုံးရက် တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော် ကြီး၌ကျင်းပလျက် ရှိနေပေသည်။

အထူးသဖြင့် သမိုင်းတွင်မည့် ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကြီးကို သာသနာ့သမိုင်းဝင် မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခြင်း သည် နေနှင့်လ၊ ရွှေနှင့်မြပမာ ကျက်သရေဝင့်ထည်လှပေသည်။

ပေါက်မျှသာ ထားခြင်းသည် (၂၄)ပစ္စည်းပဋ္ဌာန်းဒေသနာတော်ကြီးသည် ဤလိုဏ်ဂူတော်ကြီးကိုလွှမ်းခြုံ၍ ဗုဒ္ဓသာသနာတော်တည်တံ့သမျှ ခိုင်ခံ့ လုံခြုံပါစေသတည်းဟု မြတ်သောအဓိဋ္ဌာန်ဖြင့် တည်ဆောက်ထားခြင်းဖြစ် သည်။

ဤသို့မြတ်သော ရည်ရွယ်ချက်၊ အဓိဋ္ဌာန်တို့ဖြင့် တည်ဆောက်ထား သော ဆဋ္ဌသင်္ဂါယနာတင်ရာ ဌာနဖြစ်သော ဤကျောက်လိုဏ်ဂူတော်ကြီး တစ်ခုလုံးကို နိုင်ငံတော်ဩဝါဒါစရိယ ဆဋ္ဌသင်္ဂါယနာတင် ပထမသံဃ နာယကဖြစ်တော်မူသော ညောင်ရမ်းဆရာတော်ဘုရားကြီးကိုယ်တိုင် ဦးဆောင် ၍ ဆဋ္ဌသင်္ဂါယနာတင်ရာသို့ ကြွရောက်လာကြသော သင်္ဂါယနာတင် အရှင် သူမြတ်များ၏ ဥပုသ်ပဝါရဏာစသော သံဃကံ ပြုလုပ်နိုင်ရန် သိမ်သမုတ် ထားပါသည်။

ဤသို့ ကောင်းခြင်းဝေဖြာမင်္ဂလာရှိလှသော သာသနာ့သမိုင်းဝင် ဘူမိနက်သန်နေရာမှန်ဖြစ်သည့် မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး(The World Buddhist Summit)ကို ကျင်းပခြင်းသည် "သင့်မြတ်ပေစွ၊တင့်တယ်လှ" ဟု ဆိုကြမည်သာဖြစ်သည်။ ညီလာခံကြီးသို့ ကြွရောက်လာကြမည့် အာရှ၊ ဥရောပ၊ အမေရိကန်နှင့် ဩစတြေးလျတိုက်များရှိ နိုင်ငံပေါင်း ၃၇နိုင်ငံတို့မှ ဗုဒ္ဓဘာသာထိပ်တန်း ခေါင်းဆောင်ကြီးများသည်လည်း စိတ်အေးချမ်းသာစွာဖြင့် ဘာသာ၊ သာသနာ အရေး ဆွေးနွေးနိုင်ကြမည်ဖြစ်ပေသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ သာသနာ့ သမိုင်းဝင် ဘူမိနက်သန် နေရာမှန်ဖြစ်သည့် ရန်ကုန်မြို့သီရိမင်္ဂလာ ကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင်ခဲ့ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်ပါ စေကြောင်း အောင်စေကြောင်းနှင့်အတူ ဇေယျတုသဗ္ဗမင်္ဂလံ အောင်မြင်ခြင်း အဖြာဖြာတို့သည် ဤညီလာခံကြီးကျင်းပရာ ဘူမိနက်သန်နေရာမှန်ဖြစ်သည့် မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း၌ ထာဝရ တည်ပါစေသောဝ် တည်စေသောဝ်။

**"ဇေယျတု သဗ္ဗမင်္ဂလံ"** အောင်မြင်ခြင်းအဖြာဖြာတို့သည် ဤ ညီလာခံကြီးသို့ ကြွရောက်လာကြကုန်သော ပြည်တွင်းပြည်ပနှစ်ဌာနတို့မှ ဗုဒ္ဓဘာသာခေါင်းဆောင်များ၊ နိုင်ငံခေါင်းဆောင်များအပေါ်၌ ထာဝရ တည်ပါစေသောဝ် တည်စေသောဝ်ဟု ဆုတောင်းပတ္ထနာပြုရင်း ဗုဒ္ဓသာသနာ တော်ကြီး အရှည်တည်တံ့စေကြောင်းအတွက် "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်သုံးခါ ရွတ်ဆိုဘုရားကန်တော့၍ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံ ကြီးကို ဂုဏ်ပြုအပ်ပါသည်။ ။

## ကောင်းမှုလုပ်အား

- ကမ္ဘာ့ ဗုဒ္ဓဘာသာ
  ညီလာခံ သဘင်ပွဲ
  ဆင်နွှဲလို့ နေပါပြီ
  ဆရာ ဒကာ
  ညီညီညာ စေတနာဇွဲနဲ့
  အားခဲတဲ့ မြန်မာပြည်။
- မြန်ပြည်ကြီး အေးချမ်းစည်
  မျှော်ရည်လို့ စိတ်ထား
  ကမ္ဘာကြီး ငြိမ်းချမ်းမည်
  မျှော်ရည်လို့ စိတ်ထား
  နိုင်ငံတော် ဦးဆောင်မှုနဲ့
  ကိုယ့်ပြည်သူ မဏ္ဍိုင်ပြုတဲ့
  ကောင်းမှု လုပ်အား။ ။

မေရု



ဘုရားဖြူကျောင်းတိုက် သုံးထပ်ကျောင်းတည်ဆောက်ရန် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒာဘိဝံသ ဆရာတော်ကြီးထံ ဒေါ်စောတင့်-ဦးအောင်ကျော်၊ ဒေါ်လှမြင့်၊ ဦးစိုးသိမ်း- ဒေါ်စိန်တင်၊ ဦးစိုးမြင့်-ဒေါ်တင်တင်ဝင်း၊ ဒေါ်မြင့်မြင့်စော- ဦးဌေးအောင်၊ ဒေါ်မြင့်မြင့်စန်း အမှတ် ၃၇၊ ၃၁ လမ်း မိသားစုတို့က အလှူတော်ငွေ ကျပ်ခြောက်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က- မ)

## ဓမ္မစေတီဆရာတော် တရားတော်များဟောကြားမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ဓမ္မစေတီ ဆရာတော် ဘဒ္ဒန္တ ကောသလ္လအရှင်မြတ်သည် ဒီဇင်ဘာ (၁၃၊၁၄၊၁၅)ရက်များတွင် လက်ပံတန်း မြို့ ရွှေတောင်ကျောင်းတိုက်၊ ဒီဇင်ဘာ ၁၆ ရက်တွင် စမ်းချောင်း သီရိခေမာ ရပ်ကွက်၊ ဒီဇင်ဘာ ၁၇ ရက်တွင် မြောက်ဥက္ကလာပ ဘုမ္မာလမ်း၊ ဒီဇင်ဘာ (၁၈၊၁၉)ရက်များတွင် လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက် ဇေယျဝတီကျောင်း တိုက်၊ ဒီဇင်ဘာ(၂၀၊၂၁) ရက်များတွင် အင်းစိန်ရွာမ အရှေ့ရပ်ကွက်၊ ဒီဇင်ဘာ (၂၂၊၂၃)ရက်များတွင် စမ်းချောင်း ကျွန်းတောလမ်း ဘုရားလေးဓမ္မာရုံ၊ ဒီဇင်ဘာ ၂၅ရက်တွင် မင်္ဂလာဒုံ ၃/ခ ရပ်ကွက် ဆွမ်းလောင်းအသင်း၊ ဒီဇင်ဘာ ၂၆ရက်တွင် အလုံမြို့နယ် သိပ္ပံဈေး၊ ဒီဇင်ဘာ ၂၇မှ ၃၀ ရက်အထိ ဧရာဝတီတိုင်း ပုသိမ်မြို့နှင့် ဒီဇင်ဘာ ၃၁ ရက်တွင် ထေရဝါဒဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း သာသနာ့ဝံသ ပရိယတ္တိစာသင်တိုက် ဒေါပုံမြို့ ဓမ္မသဘင်တို့၌ တရားတော် များကို ညစဉ်ဟောကြားမည် ဖြစ် ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် ဒီဇင်ဘာ ၈**

တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် (၂၃)ကြိမ်မြောက် ၁၄၆ လမ်း မိသားစု တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ သက်ကြီးပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိကျင်းပရာ လပြည့်နေ့ နံနက်ပိုင်းတွင် သံဃာ၁၀ပါးတို့အား ဆွမ်းကပ်လှူဒါန်းပြီး သက်ကြီး၂၉ဦးအား ပူဇော်ကန်တော့ကြသည်။ ညနေပိုင်း တွင် အောင်မင်္ဂလာကျောင်းတိုက်မှ သံဃာအပါး ၁၀၀တို့အား ဆွမ်းဆန် စိမ်း လောင်းလှူကြပြီး လပြည့်ကျော် ၁ ရက် ညနေပိုင်းတွင် လမ်းမိသားစု ဝင်များက နိဗ္ဗာန်ဈေးဖြင့် ကျွေးမွေး လှူဒါန်းခဲ့ကြကြောင်းသိရသည်။ **(မြန်မာ့အလင်း)**



ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၁) စစ်မှုထမ်းဟောင်း စံပြရွာ (လေး ထောင့်ကန်)စည်ပင်သာယာ ဈေးသူဈေးသား (မိသားစု) များ၏ (၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်နှင့်ပထမအကြိမ်မြောက် တရားပွဲကို နိုဝင်ဘာ ၂၅ရက်က စည်ပင် သာယာဈေးအတွင်း၌ကျင်းပရာ အောင်မြေဘုံသာတောင်ကျောင်းကြီး တရားဟောဓမ္မကထိကဆရာတော် အရှင်ဘဒ္ဒန္တဦးဝိမလထံ အလှူရှင်များက ကထိန်အနုမောဒနာတရား နာကြားကြစဉ်။ (က-ပ)

# အလိုတော်ပြည့်ဘုရား ဆုတောင်းပွဲတော်

ရန်ကုန် ဒီဇင်ဘာ ၈

ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီး ဘဒ္ဒန္တအရိယဝံသ(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးစီးကျင်းပမည်ဖြစ်သော ပုဂံ၊ ညောင်ဦးမြို့ အလိုတော်ပြည့်ဘုရားဆုတောင်းပွဲတော်ကို (၁၃၆၆ ခုနှစ်နတ်တော်လပြည့်နေ့)ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့မှလိုက်ပါလိုကြသော ဓမ္မမိတ်ဆွေများ သွားလာမှုအဆင်ပြေစေရန်အတွက် ဦးစံအောင်ကျော်-ဒေါ်မနီ ဖုန်း-၆၆၆၉၃၅သို့ဆက်သွယ်နိုင်ပြီး ဒီဇင်ဘာ၂၃ရက် (ကြာသပတေးနေ့)ညနေ ၆နာရီတွင် စတင်ထွက်ခွာမည်ဟု သိရသည်။ (က-ပ)



ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့၊ ရှမ်းစုရပ်ကွက်၊ သစ်တောလမ်း၊ ပုညရံသီမဟာစည်သာသနာ့ရိပ်သာ၌ ဆဋ္ဌမအကြိမ် စုပေါင်းဘုံကထိန် သင်္ကန်းကပ်လှူပွဲနှင့် ဘောဇနဆောင်အတွက် ပထမအကြိမ်အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂၁ ရက်က ကျင်းပရာ အလှူရှင် ၂၁ဦးတို့က အလှူငွေကျပ် ၁၃၃၅၉၀၀ လှူဒါန်းခဲ့ပြီး ကျောင်းထိုင်ဆရာတော်ဦးသောဘိတထံ မယ်တော်ကြီး ဒေါ်တုတ်က အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းစဉ်။ (က-ပ)



ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် ဦးဇော်လေး(Fisheries & Marine Products 2000 Ltd.) အမှတ် ၁၄၇ (တတိယထပ်) ၄၇ လမ်းနှင့် အနော်ရထာလမ်းထောင့် ဗိုလ်တထောင်မြို့နယ်မှ အလှူငွေကျပ်သိန်းသုံးဆယ်ကို စာရင်းစစ် ဦးစံမင်းနှင့် ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

# မဇ္ဈိမဂုဏ်ရည် ၁၀ ရက်အထူးတရားစခန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၈

ရန်ကုန်တိုင်း သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည်မဟာစည် သာသနာ့ရိပ်သာကြီးတွင် မဟာစည်သာသနာ့ရိပ်သာကြီး၏နာယက ဆရာတော်ကြီးများနှင့် ရိပ်သာ၏ ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တကောဝိဒအရှင်မြတ်တို့က ဒီဇင်ဘာ ၂၂ ရက်မှ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်မည့် ယောဂီများသည်ကြိုတင်စာရင်းပေး၍ ဒီဇင်ဘာ ၂၁ ရက် ညနေ ၅ နာရီအရောက်လာရမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

# သန်လျင်မိုးကုတ်ရိပ်သာ ခုနစ်ရက်စခန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၈

ရန်ကုန်တိုင်း သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် သိပ္ပံလမ်း အမှတ် ၂၄ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ၏ (၆၁)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက် နတ်တော်လဆန်း ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယများ ဖြစ်ကြသော ပြည်ဆရာတော်ဘဒ္ဒန္တ ဓမ္မောသဓ (သာသနဓဇဓမ္မာစရိယ)နှင့်စမ်းချောင်း မဏိရတနာကျောင်းမှ ဦးသုဇာတ (ဓမ္မာစရိယ)အရှင်မြတ်တို့က ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)






# Myeik Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

MYANMAR GOLF TOUR

ရန်ကုန် ဒီဇင်ဘာ ၈

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၄ခုနှစ် မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (Myeik Open Golf Championship)ကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ တနင်္သာရီတိုင်း မြိတ်မြို့ မြိတ်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional Golfers အတန်းပြိုင်ပွဲ၊ အမျိုးသားအပျော်တမ်း Handi Cap (သုညမှ ၁၂)ချက်အထိ ရှိသူများအတွက် အကြောမဲ့ပြိုင်ပွဲနှင့် Handi Cap ၁၃-၂၄ ချက်အထိ ရှိသူများအတွက် အကြောပေးပြိုင်ပွဲဟူ၍ ပြိုင်ပွဲသုံးမျိုး ထည့်သွင်းကျင်းပပြီး ဂေါက်သီးရိုက်အားကစားသမားများအတွက် သွားလာရေးနှင့် တည်းခိုရေးအတွက် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်ထားရာ ပြိုင်ပွဲဝင်မည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဒီဇင်ဘာ ၁၄ ရက်မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ Han Event Management ရုံးဖုန်း-၅၄၂၉၈၉၊ ၇၂၃၂၂၁ နှင့် ၇၀၆၇၈၈ တို့သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans Of Pall Mall Myanmar Pte.,Ltd. က ဆောင်ရွက်ပြီး Co- Sponsors များအဖြစ် Air Mandalay၊ Myanmar Brewery Ltd.၊ Alpine Drinking Water ၊ K.M Golf Centre၊Maruman၊Tour Stage၊ Wilson၊ Srixon ၊ Grandslam (Munsing Wear) ၊ Accel International Co., Ltd.၊ Sunfar Travels And Tour (Hole-In-One Sponsor) နှင့် Myeik Golf Club တို့ကလည်း အသီးသီးထပ်မံ၍ ကူညီပံ့ပိုးပေးကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် (Organized By Han Event Management) က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၁၀)ကြိမ်မြောက် ထိုင်းကုန်စည်ပြပွဲ ၂၀၀၄ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၈

**(၁၀)ကြိမ်မြောက် ထိုင်းကုန်စည်ပြပွဲ ၂၀၀၄ နှင့် ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။** (အပေါ်ပုံ)

အဆိုပါအခမ်းအနားသို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းညွှန်ကြားရေးမှူး(သတင်း) ဦးဝင်းတင်နှင့် တာဝန်ရှိသူများ၊ မြန်မာ့သတင်းစဉ် (နိုင်ငံခြား) စာတည်းမှူးချုပ်၊ မြန်မာနိုင်ငံ - နိုင်ငံခြားသတင်းထောက်အသင်းမှ အသင်းဝင်သတင်းထောက်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

## ရှင်းလင်း

ရှေးဦးစွာ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံမှူးကြီး မစ္စတာအိုပတ်စ်ချန် တရာဆပ်နှင့် ထိုင်းနိုင်ငံသံရုံးစီးပွားရေးရာ ဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်မစ္စတာမတ်ယာဝန်စီ အမတ်ယာကူးတို့က (၁၀)ကြိမ်မြောက် ထိုင်းကုန်စည်ပြပွဲနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားရာတွင် ထိုင်းနိုင်ငံကုန်သွယ်ရေးဝန်ကြီးဌာန ပို့ကုန်မြှင့်တင်ရေးဌာနနှင့် ရန်ကုန်မြို့ရှိ ထိုင်းသံရုံး စီးပွားရေးရာရုံးတို့၏ ဦးဆောင်မှုဖြင့် (၁၀)ကြိမ်မြောက် ထိုင်းကုန်စည်ပြပွဲကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ပါဆိုလျှင် (၁၀)ကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း၊နှစ်နိုင်ငံချစ်ကြည်မှု နှစ်ပေါင်းများစွာ ကြာရှည်တည်တံ့ပြီး မြန်မာကုန်သည်များနှင့် ထိုင်းကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တိုက်ရိုက်စီးပွားရေးဆက်သွယ်နိုင်ရန် ယခုကဲ့သို့ပြပွဲကို ပြသရခြင်းဖြစ်ကြောင်း၊ အဆိုပါပြပွဲတွင် ကုမ္ပဏီကြီး ၁၄၀ ခန့်နှင့် ပြခန်း ၁၇၅ ခန်းတို့ကို ခင်းကျင်းပြသသွားမည်ဖြစ်ရာ ပြပွဲတွင် မော်တော်ယာဉ်အပိုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ဓာတုထုတ်ကုန်ပစ္စည်းများ၊ ကလေးသူငယ်သုံးပစ္စည်းများ၊ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ကုန်မာပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် ဖက်ရှင်လုပ်ငန်းနှင့် ပတ်သက်သောပစ္စည်းများ၊ အီလက်ထရွန်နစ်နှင့် စားသောက်ကုန်၊ အဖျော်ယမကာ၊ ထုပ်ပိုးပစ္စည်း၊ ပရိဘောဂပစ္စည်း၊ အထည်အလိပ်အမျိုးမျိုး၊ အိမ်သုံးပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်း၊ သားရေထည် ပစ္စည်း၊ ဖိနပ်အမျိုးမျိုး စက်ကိရိယာ အပိုပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ သန့်ရှင်းရေးသုံး ပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများ ပါဝင်မည်ဖြစ်ပါကြောင်း၊ အထူးအစီအစဉ်အနေဖြင့် လတ်ဆတ်သော ထိုင်းနိုင်ငံထွက်သစ်သီးဝလံများကိုခင်းကျင်းပြသခြင်း၊သစ်သီးဝလံများကို လှီးဖြတ်ပုံ၊ လှီးဖြတ်နည်းစနစ်များ ပြသခြင်း၊ လုပကျော့ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၏ နည်းပညာများကိုတင်ဆက်ပြသသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသွားသည်။

ထို့နောက် တက်ရောက်လာကြသော သတင်းစာဆရာများ၏ သိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

## မည်သူမဆိုဝယ်ယူနိုင်

အဆိုပါပြပွဲကို ကုန်သည်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်များတွင် ဝင်ခွင့်လက်မှတ်များကို ရန်ကုန်မြို့ ဘိုကလေးဈေးလမ်းရှိ TTF Co., Ltd. ၌ လာရောက်ထုတ်ယူနိုင်ပြီး ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဝင်ခွင့်လက်မှတ်မပါဘဲ စိတ်ဝင်စားသူ မည်သူမဆိုလာရောက် လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# မြစ်ငယ်တံတားနှင့် ရေဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်း ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ဆေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေး မှာကြား

ရန်ကုန် ဒီဇင်ဘာ ၈

**မန္တလေးတိုင်း မန္တလေးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁ ရက်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၂)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြစ်ငယ်တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ရုံး ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး (မြို့ပြ) ဦးစိုးမင်းက မြစ်ငယ်တံတား၏ ကွန်ကရစ်ရက်မ သွန်းလောင်းနေရာချထား ပြီးစီးမှု၊ ကွန်ကရစ်ကြမ်းခင်း လုပ်ငန်းဆောင်ရွက်မှု စသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားကို သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရေးနှင့် ချဉ်းကပ်လမ်း အချိန်မီပြီးစီးရေး မှာကြားသည်။**

### မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တံတားတိုင်အမှတ် P 8 နှင့် P7 ကြားတွင် ကွန်ကရစ်ကြမ်းခင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကွန်ကရစ်ရက်မများ နေရာချထားမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ မြစ်ငယ်တံတားသည် ယခုအခါ တံတားတစ်ခုလုံး ၆၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

### ရေဝတီတံတား(ရတနာပုံ)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၈ နာရီတွင် စစ်ကိုင်းဘက်ကမ်းရှိ ရေဝတီတံတား(ရတနာပုံ)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စစ်ကိုင်းဘက်ကမ်း ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက စစ်ကိုင်းဘက်ကမ်းရေဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေဝတီမြစ်အရှေ့ခြမ်းနှင့်အနောက်ခြမ်းဒေသများသို့ ကုန်စည်စီးဆင်းမှု၊ ဆက်သွယ်သွားလာမှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုတို့တွင် အရေးပါသည့် ရေဝတီတံတား(ရတနာပုံ)အား သတ်မှတ်ကာလအတွင်း ပြီးစီးရေးကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းဘက်ကမ်းရှိ ရေဝတီတံတား(ရတနာပုံ)၏ တိုင်အမှတ် G1 နှင့် G2 ကြားတွင် ကွန်ကရစ်ကြမ်းခင်း ပြီးစီးမှု၊ RP 8 နှင့် RP 7 ကြားတွင် တံတားသံပေါင်တပ်ဆင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

ရေဝတီတံတား(ရတနာပုံ)၏ စစ်ကိုင်းဘက်ကမ်းတွင် အခန်းငါးခန်း ရက်မများတပ်ဆင်ထားပြီးဖြစ်သည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် စစ်ကိုင်းဘက်ကမ်းမှ မန္တလေးဘက်ကမ်းသို့ရေယာဉ်ဖြင့် ထွက်ခွာလာကြပြီး ရေလယ်တိုင် အမှတ် RP 5, RP 4 နှင့် RP 3 တိုင်များ ဘိုးပိုင်တူးဖော်ပြီးစီးမှုနှင့်ဘိုးပိုင် ကွန်ကရစ်လောင်းပြီးစီးမှုတို့အားရေယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

### ကြိုဆို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၈နာရီ မိနစ် ၄၀ တွင် မန္တလေးဘက်ကမ်းရှိ ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား မန္တလေးဘက်ကမ်း ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က တံတားတည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရေဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်းတည်ဆောက်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

### ပြီးစီးနေပြီ

ရေဝတီတံတား (ရတနာပုံ) မန္တလေးဘက်ကမ်းတွင် တိုင်အမှတ် RP1 မှ RP 2 အထိ သံပေါင်တပ်ဆင်ခြင်းနှင့် တိုင်အမှတ် RP 3 တွင် ဘိုးပိုင် ၂၄ လုံး အနက် ၂၁ လုံး ကွန်ကရစ်သွန်းလောင်းခြင်းတို့ ပြီးစီးနေပြီဖြစ်သည်။





ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နံနက် ၉နာရီ ၁၅ မိနစ်တွင် မန္တလေးမြို့နန်းတွင်းရှိ တပ်နယ်အစည်းအဝေးခန်းမ၌ မန္တလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုများအားတွေ့ဆုံအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်မတော်သားများအနေနှင့် ပြည်သူ့အကျိုး သယ်ပိုးထမ်းဆောင်ရေး၊ ပြည်သူ့အားကိုး အားကျသော စံနမူနာပြ တပ်မတော်သားဖြစ်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်ရေး၊ ပြည်သူများအပေါ် ထားရှိရမည့်ဝတ္တရား၊ တပ်မတော်သားအချင်းချင်း ထားရှိရမည့်ဝတ္တရားတို့ကို တာဝန်ကျေပွန်ရုံမလုပ်ဘဲ စေတနာထားဆောင်ရွက်ရေး၊ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဆောင် ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။ **(သတင်းစဉ်)**

**သဃ်န်းကျွန်းမြို့နယ် ရန်အောင်ရပ်ကွက်တွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ သဃ်န်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးစန်းဝေက နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။** (က-ပ)



**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၅)ရပ်ကွက် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်းတွင် ဒီဇင်ဘာ ၇ ရက်က ငွေကြယ်ပွင့်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြို့နယ်ပညာရေးမှူးဒေါ်တင်တင်မြ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှသောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ် ပြန်/ဆက်)



## မော်လမြိုင်မြို့ အထက ( ၃ ) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ အထက (၃) ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၉ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ မော်လမြိုင်မြို့ အထက (၃)တွင် တာဝန်ထမ်းဆောင်ခဲ့သော ၂၀၀၄ခုနှစ် ဒီဇင်ဘာလ၌ အသက် (၅၅)နှစ်ပြည့်သူ ဆရာ ဆရာမများအား အပူဇော်ခံ ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

ရန်ကုန်မြို့မှလိုက်ပါမည့် အပူဇော်ခံဆရာ၊ ဆရာမများသည် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၈ရက် (စနေနေ့)နံနက် ၇နာရီတွင် အထက(၃)ဒဂုံ ရန်ကုန်မြို့မှ ဒေါ်မာသာဟိန်း ဖုန်း- ၂၂၂၇၄၆သို့ ဆက်သွယ်ကြရန်နှင့် ပူဇော်လှူဒါန်းလိုသူများသည် ဒေါ်အေးသန်း(ကျောင်းအုပ်) အထက(၃) မော်လမြိုင်မြို့ ဖုန်း-(၀၅၇)၂၁၃၅၉၊ ဒေါ်ခင်လေးမြင့် (ကျောင်းအုပ်) အထက(၄)လှိုင် ရန်ကုန်မြို့ ဖုန်း- ၅၀၅၇၇၉၊ ၅၃၆၄၈၄၊ ဒေါ်ခင်လေးရီ၊ ဒေါ်နွယ်နီ ဖုန်း-၅၀၃၃၈၇နှင့် ဒေါ်သန်းသန်းမူ ဖုန်း-၂၂၀၉၃၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မိုးကုတ်ဝိပဿနာတရားပွဲများ

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မိုးကုတ်ဝိပဿနာအေးရိပ်သာကျောင်းတိုက် အဖွဲ့ခွဲအမှတ် (၃၁၈)၌ ဒီဇင်ဘာ ၂၁ရက်မှ ၃၁ရက်အထိ လည်းကောင်း၊ စစ်တွေမြို့ အာကြိတ်တော်ကြီးကုန်း အဖွဲ့ခွဲအမှတ် (၁၆၂)၌ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၅မှ ၁၅ရက်အထိလည်းကောင်း၊ ရန်ကုန်မြို့ ဆရာစံရပ်ကွက် မိုးကုတ်ဇနိတာရာမဓမ္မရိပ်သာ၌ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂၀ရက်မှ ၂၉ရက်အထိ လည်းကောင်း တရားစခန်းပွဲများကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော် ရွှေမန်း ဦးသူရိယ (ကမ္မဋ္ဌာနာစရိယ) ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်သူမြတ်က ခန္ဓာဥာဏ်ရောက် သစ္စာလေးပါးတရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



**နိုဝင်ဘာ ၂၆ ရက်က ရန်ကင်းမြို့နယ် (၃၉)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဒေသစာရီ ကြွချီအပူဇော်ခံဖွင့်ပွဲအခမ်းအနားကို (၁၅) ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပရာ ရန်ကင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းနှင့် ဂေါပကဥက္ကဋ္ဌ ဦးမောင်မောင်ရီတို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးကြစဉ်။** (က-ပ)

# အာဆီယံတိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲဆက် မြန်မာအသင်းက ဖိလစ်ပိုင်ကိုပွဲဦးထွက်အနိုင်ရရှိ

## သတင်းဆောင်းပါး-ကိုထွေး

ရန်ကုန် ဒီဇင်ဘာ ၈

**(၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ယနေ့ညနေပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဘူကစ်ဂျာလီအားကစားကွင်း၌ စတင်ကျင်းပရာ မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**

မြန်မာအသင်းသည် ပုံမှန်ခြေမရဘဲ သေချာပေါက်ဂိုးရနိုင်သည့် အခွင့်အရေးများလည်း ဂိုးမဝင်ခဲ့၍ တစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် ပထမပိုင်း၌ ကစားကွက်ကောင်းစွာမဖော်နိုင်ဘဲ ဘောလုံးဆုံးရှုံးမှုများနေ၍ ဖိလစ်ပိုင်အသင်း၏ အကြိမ်ကြိမ်ထိုးဖောက်မှုကို ကာကွယ်ဖျက်ထုတ်နေရသည်။ ပထမပိုင်းတွင် ဖိလစ်ပိုင်အသင်း၏ ပယ်နယ်တီဧရိယာအတွင်း ဘိုဘိုအောင် အပိုင်ကန်သွင်းခွင့်ရသော်လည်း ကန်ချက်မှာ အပေါ်ထောင်သွား၍ တစ်ဂိုးနစ်နာခဲ့ရသည်။ အလယ်တန်းလူ ဘိုဘိုအောင် ဂိုးရှေ့သို့ အမြောက်ကန်ပို့သည့်ဘောလုံးကို ရန်ပိုင်ခေါင်းတိုက်သွင်းရာ ဂိုးပေါက်လွဲသွားခဲ့ပြန်သည်။

### ဒုတိယပိုင်း

ဒုတိယပိုင်းတွင် မြန်မာအသင်း အနိုင်ဂိုးရရှိရေးအတွက် အားထည့်ကစားလာရာ ဖိလစ်ပိုင်အသင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းခွင့်များ ရရှိခဲ့သည်။ အလယ်တန်းလူ မာလအစား စိုးမြတ်မင်းကို လူစားလဲလိုက်ရာ အလယ်တန်းမှတိုက်စစ်ကို ပံ့ပိုးနိုင်ပြီး ကစားကွက် ကောင်းလာသည်။ အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်း အပိုင်ကန်သွင်းသည့်ဘောလုံးများ ဂိုးရနိုင်သော်လည်း ဂိုးတိုင်ထိပြီး ထွက်သွားခြင်း၊ ဂိုးဘားတန်းထိ၍ ပြန်ထွက်လာခြင်းတို့ကြောင့် မြန်မာအသင်း ဂိုးကံခေသည်ဟု ဆိုရပေမည်။

မြန်မာအသင်းသည် ပွဲပြီးရန် နီးကပ်လာသည်အထိ အဖွင့်ဂိုးမရသေး၍ အဆက်မပြတ်တိုက်စစ်ဆင်ကစားရာ ဖိလစ်ပိုင်အသင်းက အလူးအလဲ ဖျက်ထုတ်ကစားနေရသည်။ မြန်မာအသင်းက တစ်သင်းလုံးတက်၍ ဖိကစားနေစဉ် ဖိလစ်ပိုင်အသင်းက တန်ပြန်တိုက်စစ်ဖြင့် ထိုးဖောက်လာရာ မြန်မာအသင်း ဂိုးပေးရနိုင်သည့်အခြေအနေမျိုး ဖြစ်ပေါ်ခဲ့သည်။

မြန်မာအသင်းသည် အနိုင်ရရှိမှသာ အုပ်စုတက်ရေး မျှော်လင့်ချက်ထားနိုင်မည်ဖြစ်၍ တိုက်စစ်အားမြှင့်တင်နိုင်ရန် နောက်တန်းညာအစွန်လူ ခင်မောင်ထွန်းအစား တိုက်စစ်မှူး ဆန်းဒေးသိန်းကို လူစားလဲလိုက်သည်။ မြန်မာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်မိနစ် ၉၀တွင် ဆန်းဒေးသိန်းက သွင်းယူပေးသည်။ ဖိလစ်ပိုင်အသင်း ပယ်နယ်တီဧရိယာအတွင်း အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်းကန်သွင်းသည့် ဘောလုံးကို ဖိလစ်ပိုင်ဂိုးသမား ပုတ်ထုတ်၍ ပြန်ထွက်လာစဉ် ဆန်းဒေးသိန်းက ပြေးဝင်၍ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

### တစ်ဂိုးဖြင့်ကပ်နိုင်

မြန်မာအသင်းသည် ပွဲဦးထွက် အနိုင်ရသဖြင့် သုံးမှတ်အပြည့်ရရှိသွားသည်။ မြန်မာအသင်းသည် ဒီဇင်ဘာ ၁၀ရက်တွင် ဒုတိယပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် စတုတ္ထအကြိမ် အာဆီယံတိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲတွင် ဖိလစ်ပိုင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သော်လည်း ယခုပွဲတွင်ပွဲပြီးကာနီးသွင်းယူသော တစ်ဂိုးဖြင့်သာကပ်၍အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းတွင် အမာခံကစားသမားများဖြစ်ကြသော အောင်ကျော်မိုးနှင့်အောင်ကျော်ထွန်းတို့မပါဝင်ခဲ့ဘဲ စိုးမြတ်မင်းကိုလည်း ဒုတိယပိုင်းမှသာ လူစားလဲ၍ထည့်သုံးခဲ့သည်။

### သူတို့ပါဝင်

ဖိလစ်ပိုင်အသင်းကို အနိုင်ရရှိသွားသော မြန်မာအသင်းတွင် **(ဂိုး)** အောင်အောင်ဦး၊ **(နောက်တန်း)** ခင်မောင်ထွန်း(ဆန်းဒေးသိန်း)၊မိုးကျော်သူ၊ ဇော်လင်းထွန်း(၂)၊ မင်းသူ၊ **(အလယ်တန်း)** ကျော်ခိုင်ဝင်း၊ ဘိုဘိုအောင်၊ မာလ(စိုးမြတ်မင်း)၊ မျိုးမင်းထွန်း၊ **(ရှေ့တန်း)** မျိုးလှိုင်ဝင်းနှင့် ရန်ပိုင်တို့ ပါဝင်ကစားခဲ့ကြသည်။

**(မြန်မာ့အလင်း)**

**(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိ ဖြင့်အနိုင်ရရှိခဲ့ရာ အနိုင်ဂိုးသွင်းယူပေးသူ ဆန်းဒေးသိန်း(၂၁)အား ကစားဖော်များက ဤသို့ ဂုဏ်ပြုခဲ့ကြသည်။**

(အင်တာနက်)



# မလေးရှားကအရှေ့တီမောအသင်းကိုဂိုးပြတ်နိုင်

**ရန်ကုန် ဒီဇင်ဘာ ၈**

(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲအုပ်စု (ခ)ပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဘူကစ်ဂျာလီအားကစားကွင်း၌ မလေးရှားအသင်းနှင့် အရှေ့တီမောအသင်းတို့ ယှဉ်ပြိုင်ကစားရာ မလေးရှားအသင်းက ငါးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

ဒီဇင်ဘာ ၉ ရက်**(ယနေ့)**ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ သောင်နက်အားကစားကွင်း၌ အုပ်စု(က)ပွဲစဉ်အဖြစ် ကမ္ဘောဒီးယားအသင်းနှင့် ဗီယက်နမ်အသင်း၊ အင်ဒိုနီးရှားအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ပြည်နယ်နှင့်တိုင်းကြက်တောင်ရိုက်ပြိုင်ပွဲ ဒီဇင်ဘာ၁၄ရက်စတင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၀၄ခုနှစ်(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင်အားကစားခန်းမ(ယခင် ကျုံးကြီးကြက်တောင်အားကစားရုံ)တွင် ဒီဇင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်(၁၄)နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၁၆)နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၁၈) နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုး သမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အကြီးတန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

လက်ရှိချန်ပီယံအသင်းများမှာ ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးအသင်းတို့ ဖြစ်ကြသည်။ **(မြန်မာ့အလင်း)**

# တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈

**၂၀၀၄ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသည့် ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။**

ပြိုင်ပွဲ၏ (ခခ)အုပ်စုမှ ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားကွင်း(မင်္ဂလာဒုံ)၌ ကျင်းပသောပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယင်းအုပ်စုမှ စမ်းချောင်းမြို့နယ် ပဒုမ္မာဘောလုံးကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲများယှဉ်ပြိုင် အာဆင်နယ်၊ပေါ်တို၊အင်တာမီလန်နိုင်ပွဲရ

အင်္ဂလန် ဒီဇင်ဘာ ၈

**ယူအီးအက်ဖ်အေချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ၇ရက်က ကျင်းပခဲ့သည်။**

အင်္ဂလန်မှ အာဆင်နယ်အသင်းနှင့် နော်ဝေးမှ ရိုစင်ဘော့ရ်အသင်းတို့သည်ဟိုက်ဘူရီကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းအတွက် ဂိုးမြူးသောပွဲ ဖြစ်ခဲ့သည်။

အာဆင်နယ်အသင်းက ငါးဂိုး-တစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။ အာဆင်နယ်အတွက် အနိုင်ဂိုးများကို ရေးယက်၊ ဟင်နရီ၊ ဖာဘရီဂတ်စ်၊ ရောဘတ်ပီရက်စ်၊ ဂိုဗင်ဗန်ပါဆီတို့က အသီးသီးသွင်းယူခဲ့သည်။ ရိုစင်ဘော့ရ်အသင်းမှ ဟော့ဖန်က ၃၈မိနစ်တွင် တစ်ဂိုးသာ ချေပဂိုးသွင်းနိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ယင်းပွဲအနိုင်ရခဲ့၍ အုပ်စု(င)တွင် ခြောက်ပွဲကစားနှစ်ပွဲနိုင် လေးပွဲသရေဖြင့် ၁၀မှတ်ရရှိကာ အုပ်စုကိုဦးဆောင်လာခဲ့သည်။

စကော့တလန်မှ ဆဲလ်တစ်အသင်းနှင့် အီတလီမှအေစီမီလန် အသင်းတို့သည် ဆဲလ်တစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲပွဲပြီးသွားသည်။ သို့ရာတွင် အေစီမီလန်အသင်းသည် ခြောက်ပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ၁၃မှတ်ရရှိကာ အုပ်စု(စ)တွင် ဦးဆောင်နေသော အသင်းဖြစ်သည်။

ပေါ်တူဂီမှ ပေါ်တိုအသင်းနှင့် အင်္ဂလန်မှ ချယ်လ်ဆီးအသင်းတို့သည် ပေါ်တိုကွင်း၌ယှဉ်ပြိုင်ကစားကြရာ ယမန်နှစ်ချန်ပီယံပေါ်တိုအသင်းကို ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အရှုံးပေးလိုက်ရသည်။ ထူးခြားချက်မှာ ပေါ်တိုအသင်းကို ယမန်နှစ်က ချန်ပီယံလိဂ်ဖလားတွင် ယခု ချယ်လ်ဆီး အသင်းနည်းပြ မော်ရင်ဟိုက ကိုင်တွယ်၍ ဖလားကိုရယူပေးခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အင်္ဂလိပ်ပရီးမီယားလိဂ်တွင် ဦးဆောင်နေသော်လည်း နည်းပြမော်ရင်ဟိုသည် အသင်းဟောင်းအပေါ် အနိုင်ယူခြင်းကား မစွမ်းနိုင်ဘဲရှိသည်။

အီတလီမှ အင်တာမီလန်အသင်းနှင့် ဘယ်ဂျီယံမှ အန်ဒါလက်ချ်အသင်းတို့သည် အင်တာမီလန်ကွင်း၌ယှဉ်ပြိုင်ကစားကြရာ အင်တာမီလန်က သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ထူးခြားချက်မှာ အင်တာမီလန်အသင်းသည် ခြောက်ပွဲကစား လေးပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ရှုံးပွဲမရှိအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။ ၁၄မှတ်ရထားပြီး အုပ်စုရှစ်အုပ်စုတွင် အမှတ်အများဆုံးအသင်းဖြစ်သည်။

ဂရိမှ ပါနာသီနိုင်ကော့စ်အသင်းနှင့် ဟော်လန်မှ ပီအက်စ်ဗွီအသင်းတို့ပွဲတွင် ပါနာသီနိုင်ကော့စ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ပြင်သစ်မှ ပီအက်စ်ဂျီအသင်းနှင့် ရုရှားမှ စီအက်စ်ကေအေမော်စကိုတို့ ယှဉ်ပြိုင်ကစားကြရာတွင် စီအက်စ်ကေအေက သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည်။

ယူကရိန်းမှ ရှက်တာဒိုးနက်စ် အသင်းသည် စပိန်မှဘာစီလိုနာ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည်။ စပိန်လာလီဂါတွင် ဘာစီလိုနာတို့ ဦးဆောင်၍ နိုင်ပွဲများဆက်ခဲ့သော်လည်း ချန်ပီယံလိဂ်တွင်ရှက်တာဒိုးနက်စ်ထိုးနှက်မှုကို ခံလိုက်ရသည်။

စပိန်မှ ဗလင်စီယာအသင်းနှင့် ဂျာမနီမှ ဝါဒါဘရီမင်အသင်းတို့သည် ဗလင်စီယာကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂျာမနီချန်ပီယံ ဝါဒါဘရီမင်က နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည်။ **(အင်တာနက်)**



**အန်ဒါလက်ချ်နောက်ခံလူ လာမိုင်းထရိုရီအား အင်တာမီလန်မှ နိုက်ဂျီးရီးယားတိုက်စစ်မှူး မာတင်(ဇဲ)က ကျော်ဖြတ်၍ ဘောလုံးထိုးဖောက်သယ်ယူရန်ကြိုးစားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# သာယာဝတီမြို့နယ် ကျေးရွာ သူရိယစာကြည့်တိုက်ဖွင့်

**သာယာဝတီ နိုဝင်ဘာ ၂၉**

သာယာဝတီမြို့နယ် အိပ်လပဟာကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး သူရိယစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ၁၇ ရက်က ကျေးရွာအုပ်စုဥက္ကဋ္ဌနေအိမ်၌ ကျင်းပရာ သာယာဝတီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းအောင်နှင့် သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ညွန့်ညွန့်စိန်တို့ တက်ရောက်ပြီး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**သုတဂေဟာ စာကြည့်တိုက်**

ထို့နောက် သာယာဝတီမြို့နယ် ဇီးပွဲကျေးရွာအုပ်စု ဇီးပွဲကျေးရွာ ကိုယ့်အားကိုယ်ကိုး သုတဂေဟာ စာကြည့်တိုက်ဖွင့်ပွဲကို အဆိုပါကျေးရွာဥက္ကဋ္ဌနေအိမ်၌ ဆက်လက်ကျင်းပရာ သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(ခရိုင် ပြန်/ဆက်)**



## ဖဲကြိုးဖြတ်ဖွင့်လှစ်

**နိုဝင်ဘာ ၁၁ရက်က လပွတ္တာမြို့နယ် ပြင်စလူမြို့ ကုန်းကြီးကျေးရွာအုပ်စု ရတနာထွန်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌဦးစိန်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

# ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

## စစ်ဆေး

**နိုဝင်ဘာ၁၇ရက်က ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အလှူးလေး-အလှူးကြီး ကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းပြီးစီးမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ် စည်ပင်)

# ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# မိုင်းတုံဈေးပတ်လမ်း ပြုပြင်ဆောင်ရွက်

**မိုင်းတုံ ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဈေးပတ်လမ်း ကျောက်ရောမြေချ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းအား နိုဝင်ဘာ ၂၄ရက်က ဆောင်ရွက်ရာ မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်းက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**(အောက်ပုံ) (မြို့နယ်စည်ပင်)**





## ဆောင်ရွက်

**နိုဝင်ဘာ ၁၀ ရက်က ရေစကြို မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သစ်ဆိမ့်ပင် သုံးဧက စိုက်ပျိုးထားရာ သစ်ဆိမ့်ပင်များ ရှင်သန်ကြီးထွားရေးအတွက် ရေလောင်း၊ ပေါင်းသင်၊ မြေဆွခြင်း လုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။** (မြို့နယ် ပြန်/ဆက်)

# ရမည်းသင်းမြို့နယ် အလင်းသစ် စာကြည့်တိုက်ဖွင့် သုတ၊ ရသ စာအုပ်များပေးအပ်လှူဒါန်း

**ရမည်းသင်း ဒီဇင်ဘာ ၅**

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ရမည်းသင်းမြို့နယ် သင်ပန်းကုန်းကျေးရွာ အလင်းသစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဒွေးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

**ပေးအပ်လှူဒါန်း**

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက သုတ၊ ရသစာအုပ် ၅၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝက လက်ခံရယူကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ကြက်ခြေနီတပ်ဖွဲ့ အခြေခံသင်တန်း နောင်တရား၌ဖွင့်

**နောင်တရား နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့ ကြက်ခြေနီတပ်ဖွဲ့ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၉နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး နောင်တရားရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်တင့်နှင့် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးစောသံလွင်တို့က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(၃၆၉)**

# မိုးညှင်း အင်ကြင်းကုန်း-ဇီးကုန်း ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းရန် ကွင်းဆင်းတိုင်းတာ

**မိုးညှင်း နိုဝင်ဘာ ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အင်ကြင်းကုန်းကျေးရွာနှင့် ဇီးကုန်းကျေးရွာ ချင်းဆက်လမ်း ကျောက်ချောလမ်းခင်းရန်နှင့် ကျေးရွာချင်းဆက် မိုးညှင်း၊ဟိုပင်၊ အင်းတော်ကြီးဒေသ ဆက်သွယ်လမ်းမကြီးပေါ်တွင် ကွန်ကရစ်ခင်းရန် နိုဝင်ဘာ ၁၇ ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးနှင့် ဝန်ထမ်းများ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။ **(၁၅၂)**



## မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်ပူဇော်

**သာပေါင်း ဒီဇင်ဘာ ၂**

ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ငှက်ပျောတောကျေးရွာ သာသနာ့ဝေပုလ္လ ခါတော်မီကျောင်းတိုက်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ရ ဘဒ္ဒန္တဣန္ဒကအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားနှင့် ဘုံကထိန် သင်္ကန်း ဆက်ကပ်ပွဲကို နိုဝင်ဘာ ၂၆ ရက်က ကျင်းပသည်။**(ယာပုံ)**



**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကဘဒ္ဒန္တဝိသုတအရှင်သူမြတ်က ဩဝါဒကထာမြွက်ကြားတော်မူပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးမြသိန်းက ဂုဏဝိသိဋ္ဌကထာ လျှောက်ထားပူဇော်ကာ တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်၊ သာပေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှသောင်း၊ လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများနှင့် အလှူရှင်ဒါယကာများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြကြောင်း သိရသည်။ **(က-ပ)**



ငပုတော မြို့နယ် မြို့နယ်လုံးဆိုင်ရာ ကောဒ သ မ အကြိမ် ဘုံကထိန် သင်္ကန်း ဆက်ကပ် လှူ ဒါန်းပွဲကို နိုဝင်ဘာ ၂၆ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာ ယာ ရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးကျော်နှင့် ဇနီးဒေါ်သီတာခင် တို့က ဆရာတော်ထံ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

## လောင်းလုံမြို့ ရှင်မော်တောင်ဘုရားလမ်း ချဲ့ထွင်ဖောက်လုပ်

ထားဝယ် နိုဝင်ဘာ ၂၉

**ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးစိုင်းသန်းကြွယ်နှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၄ရက် နံနက် ၇နာရီက ထားဝယ်ခရိုင် လောင်းလုံမြို့ရှိ သမိုင်းဝင်ရှင်မော်တောင်ဘုရားလမ်းချဲ့ထွင်ဖောက်လုပ်ခြင်း လုပ်ငန်းသို့ သွားရောက်စစ်ဆေးကြသည်။(အောက်ပုံ)**



ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့အား လောင်းလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်လှနှင့် တာဝန်ရှိသူများက လမ်းချဲ့ထွင်ဖောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ခရိုင်ဥက္ကဋ္ဌက ဘုရားဖူးယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး၊ ရာသီမရွေးအသုံးပြုနိုင်ရေးနှင့် သတ်မှတ်ချိန်အတွင်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားပြီးလိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးကြောင်း သိရသည်။ **(က-ပ)**

## မုဒုံမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲ နှစ်ပတ်လည်စည်းဝေး အမှုဆောင်သစ်ရွေးချယ် တာဝန်ပေးအပ်

မုဒုံ ဒီဇင်ဘာ ၄

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး မွန်ပြည်နယ် မုဒုံမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲ ၂၀၀၄ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တာဝန်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ရက်က မုဒုံမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌဦးချန်ထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ကျော်မောင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မုဒုံမြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ ၂၀၀၄ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်ခင်မြင့်ဝင်းက တင်သွင်းဖတ်ကြားသည်။

ထို့နောက် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ရာ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌဒေါ်ခင်မြင့်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဝမ်းကြည်၊ အတွင်းရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးဝင်းအောင်တို့ပါဝင်သော အမှုဆောင်ကိုးဦးကို ရွေးချယ် တာဝန်ပေးအပ်သည်။ **(၁၆၇)**

### ကြီးကြပ်ဆောင်ရွက်

**မြို့ရွာများ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် အဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ဝန်ထမ်းများ စုပေါင်း၍ ပျိုးအိတ်ထည့်ခြင်းလုပ်ငန်းကို ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စောနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ် စည်ပင်)





**မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်များ ပျိုးထောင်မှုကို နိုဝင်ဘာ၁၂ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးကံလှ ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ် စည်ပင်)

# အမြို့မြို့ အနယ်နယ် သတင်းများ

## ဓနုဖြူမြို့နယ်၌ဆောင်းသီးနှံတာဝန်ပေးအပ် နွေစပါးစိုက်ကေပြည့်မီစွာ စိုက်ပျိုးရေးဆွေးနွေး

ဓနုဖြူ နိုဝင်ဘာ ၂၂

**ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄-၂၀၀၅ခုနှစ် ဆောင်းသီးနှံတာဝန်ပေးအပ်ပွဲအခမ်းအနားနှင့် နွေစပါးစိုက်ကေများ ပြည့်မီစွာစိုက်ပျိုးနိုင်ရေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးတင့်လွင်က ဆောင်းသီးနှံ စိုက်ကေပေါင်း ၁၂၂၄၃၂ ကေအတွက် တိုက်နယ်ဥက္ကဋ္ဌများကတစ်ဆင့် ကျေးရွာအုပ်စုပေါင်း ၆၄အုပ်စုကို တာဝန်ပေးအပ်လိုက်ပြီး **(ယာပုံ)** ဆောင်းသီးနှံ လျာထားကေ ပြည့်မီရေး၊ နွေစပါး အပြည့်အဝစိုက်ပျိုးနိုင်ရေးကိစ္စများကို မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ကျေးရွာအလိုက် တာဝန် ပေးအပ်ထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာအုပ်စုအလိုက် လျာထားကေ၊ မြေပြင်ကိုက်ဆဲပြီး ကေ၊ စိုက်ပျိုးပြီးကေ၊ ဆက်လက် စိုက်ပျိုးဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြညှိနှိုင်းကြကြောင်း သိရသည်။ **(ဝဇ၅)**



## ကာမိုင်း ဗိုလ်တေဇလမ်း ရေတားနံရံဆောင်ရွက်

**ကာမိုင်း နိုဝင်ဘာ ၃၀**

ကချင်ပြည်နယ် ကာမိုင်းမြို့ ဗိုလ်တေဇလမ်းဘေး၌ အရှည်ပေ ၃၀၀ရှိ ရေတားနံရံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ်သုံးသိန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ်သုံးသိန်း စုစုပေါင်းငွေကျပ်ခြောက်သိန်း အကုန်အကျခံ၍ နိုဝင်ဘာ၁၈ရက်က မြို့နယ်တာဝန်ခံ ဦးအင်ခွမ်တူးနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) မြို့ပြဦးအေးဇော်မြင့်တို့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ပန်းအလှပင်စိုက်ပျိုးမည်**

ရေတားနံရံပြုလုပ်ပြီးစီးပါက အနောက်ဘက် သုံးပေအကျယ်အထိ မြေဆွေးထည့်ကာ ပန်းအလှပင်များ ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **(၄၁၆)**

### မြန်မာ့အသံ

**၁၀-၁၂-၂၀၀၄**
**(သောကြာနေ့)**
**နံနက်ပိုင်း**

၀၇:၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ယုဇန ကုမ္ပဏီ၏ ဆီအုန်းစီမံကိန်းအကြောင်းဆွေးနွေးခန်း)
၁၁:၃၅ သုတရေးရာဖြေကြားလွှာ
၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် တမာပင်)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ချစ်ရတဲ့သူရယ်)
၁၃:၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

၁၆:၂၀ ကျေးလက်ဇာတ်လမ်း (ချောင်းရေကလျှံ၊ ကန်ရေကတိုး)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)ငှက်ဖျားရောဂါကာကွယ်ပါ (ခေါင်းကြီး)
(၂)သူ့အရွက်ငယ်ပေမယ့် (ဆောင်းပါး)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (ရှေ့လာမည့်နှစ် ၅၀အကြောင်း-ဒုတိယပိုင်း-မောင်ဆုရှင်)
၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (တစ်ကြိမ်အမှား၏ နောက်ဝယ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံအသီးသီးမှ သံဃရာဇာဆရာတော်ကြီးများ၊ သံဃာတော်များရောက်ရှိ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ကြမည် ကြိုဆိုပင့်ဆောင်ရေးအဖွဲ့များက ခေတ္တသီတင်းသုံးနေထိုင်မည့် ဟိုတယ်သို့ပင့်ဆောင်

### သီရိလင်္ကာနိုင်ငံမှဆရာတော်ကြီးများ

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်ရန် သီရိလင်္ကာနိုင်ငံမှ ဆရာတော်ကြီးများ ကြွရောက်လာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုပင့်ဆောင်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

### ဂျပန်နိုင်ငံမှဆရာတော်ကြီးများ

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်ရန် ဂျပန်နိုင်ငံမှ ဆရာတော်ကြီးများနှင့် ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့်အတူတွေ့ရစဉ်။

(သတင်းစဉ်)





ရန်ကုန် ဒီဇင်ဘာ ၈

**ရန်ကုန်မြို့၌ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့တက်ရောက်ရန် နိုင်ငံအသီးသီးမှ သံဃရာဇာဆရာတော်ကြီးများနှင့် ဆရာတော်၊ သံဃာတော်များ၊ တပည့် ဒါယကာဒါယိကာမများသည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ယနေ့ရောက်ရှိကြသည်။**

သီရိလင်္ကာ့ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမရပူရမဟာနိကာယ ဆရာတော်ကြီး Most Ven. Davuldena Ganissa Thero၊ Siyam နိကာယဒုတိယနိကာယ ဆရာတော်ကြီး Most Ven. Nigithasiri Thero၊ အမရပူရနိကာယအတွင်းရေးမှူး ဆရာတော်ကြီး Most Ven. Kotugoda Dhammawasa Thero၊ ရာမညနိကာယအတွင်းရေးမှူး ဆရာတော်ကြီး Most Ven. Seethaeliye Chandrananda Thero နှင့် Ven. Kandegoda Womaladhammana Thero၊ Ven. Dr. Akuratiye Wimalawansa Thero၊ ရွှေကျင်ဆရာတော်ကြီးများဖြစ်ကြသည့် Ven. Ingvrvwath The Piyananda Nayaka Thero နှင့် Ven. Buthpitiye Samitha Thero အရှင်သူမြတ်တို့နှင့်အတူ သီရိလင်္ကာနိုင်ငံ ဘုန်းတော်ကြီးကျောင်းများမှ ဘုန်းတော်ကြီးငါးပါးတို့သည် သီရိလင်္ကာနိုင်ငံ သာသနာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး Mr. D.W Abeywickrama လိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁** ●

# ကမ္ဘောဒီးယားနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ တက်ရောက်မည်

ရန်ကုန် ဒီဇင်ဘာ ၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့၌ ကျင်းပမည့် ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Lu Lay Sreng နှင့်အဖွဲ့ဝင်များသည် ယနေ့ ည ၇ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။**

**ကြိုဆိုနှုတ်ဆက်**

ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H. E. Mr. Lu Lay Sreng နှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H. E. Mr. Hul Phang နှင့် ဇနီးနှင့် သံရုံးဝန်ထမ်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**(ယာပုံ) (သတင်းစဉ်)**



# ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

## ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် ဆီမီးခုံကျေးရွာအိမ်ခြေ၁၃၀လျှပ်စစ်မီးများသုံးစွဲနိုင်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၈**

မန္တလေးတိုင်း မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မတည်ငွေကျပ် ၁၀သိန်းနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေ ကျပ် ၃၅သိန်း စုစုပေါင်းငွေကျပ် ၄၅ သိန်းဖြင့် အကုန်အကျခံတည်ဆောက်ခဲ့သော ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက် ညနေပိုင်းက ဆီမီးခုံကျေးရွာရှိ အဆိုပါ စက်ရုံဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးမြအောင်နှင့် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဌေးတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းက ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို စက်ခလုတ်နှိပ်၍ မီးများဖွင့်လှစ်ပေးသည်။

ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ခဲ့သည့်အတွက် ကျေးရွာရှိ အိမ်ခြေ ၁၃၀၌ လျှပ်စစ်မီးများ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**